တက်တိုး
မောင်တိုမယ်တို
တိုးတက်စေဖို

သုံးတွဲပေါင်းချုပ်

ကိုယ့်ဘဝကိုယ် မြင့်မားအောင် ကြိုးစားနေသော လူငယ် မောင်မယ်များသို့ စကားလက်ဆောင် စာလက်ဆောင်



ISBN 9789997110329
TT14
9 789997 110329
3,500.00KS

ပေါင်းရိုးပါးရိုးရိုးတန်းစစ်(ခုတ္တပေါင်းချုပ်)၊ တန်းတိုး
စာမျက်နှာ ၃၅ မျက်နှာ၊ ၀၆ စင်တီ × ၀၈.၅စင်တီ

လုပ်ငန်းရှင် - ဦးစန်းဦး စိတ်ကူးချိုချိုစာပေ(၀ဝ၅၃၇)၊ ဂျီ ဘင့်လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ငေးထိုင်းဟ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀ဝ၄၁၂၂)၊ ဘဘဂျီ၊ မစိုးရိပ်လမ်း၊ ရန်ကင်း။
ကုဒေါ၊ ကြယ်ဂုတ်လမ်း ခုတ္တပေါင်းပထမအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၀၀၊ ၂၀၀၁၊ ၂၀၀၃ ကောင်းသန့်စာပေထုတ် ခုတ္တ ပထမအကြိမ်မှတ်။

ဈေးနှုန်း ၃ ၅ ၀ ၀ ကျပ်

email: skccph@gmail.com ; P.O.Box: 705
www.facebook.com/SKCCmyanmarbook
www.skccmyanmarbook.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■

မောင်တို့မယ်တို့ တိုးတက်စေဖို့

(၃ တွဲ ပါင်းချုပ်)

တက်တိုး

ဝေဆမအကြီးပါ ၂၀၁၈

မာတိကာ

အသိစိတ် ရှိရမယ်

အတတ်ပညာရှင်နဲ့ အသိပညာရှင်တို့ရဲ့ သဘာဝနဲ့စရိုက်ကို ပြောချင်တယ်။ အတတ်ပညာရှင်က သွက်လက်ချက်ချာတယ်၊ သူ့ဉာဏ်က အပေါ်ယံမှာသာ ကျက်စားတာမို့ သွက်တယ်၊ အကဲခတ်မြန်တယ်၊ အလိုက်သိတယ်၊ "အတွင်းရေးမှူး"တို့လိုပါပဲ။ အုပ်ချုပ်ကွပ်ကဲရာမှာ လည်း လာဘ်မြင်တယ်၊ သူ့မှာ ဖျတ်လတ်တဲ့ဉာဏ်ရှိလို့ Intelligentsia လို့ သူတို့တစ်တွေကို ခေါ်တာပေါ့။ သူတို့မှာ Intelligence ရှိတယ်။ **အတတ်ပညာရှင် အမျိုးမျိုးရှိတယ်။ သူတို့ဟာ အင်မတန် အသုံးဝင်တယ်၊ တိုင်းပြည်မှာ သူတို့ရှိလို့ စီးပွားရေး၊ ပညာရေး၊ လူမှုရေးစတဲ့ အရေးကြီးကိစ္စတွေဟာ အလုပ်ဖြစ်နေကြတာပေါ့။ သူတို့ဟာ လက်တွေ့သမားများပဲ။**

Intellectual ဆိုတဲ့ လူကတော့ ဉာဏ်နေးတယ်။ ဘာမဆို အပေါ်ယံကြောကိုကျော်ပြီး အတွင်းသန္တာန်ကို သူ့စိတ်ကူးဉာဏ်နဲ့ ထိုးထွင်းပြီး ရှုတယ်။ ကြည့်တာနဲ့ ရှုတာ မတူဘူး။ 'ကြည့်တယ်'ဆိုတာ အပေါ်ယံအမြင်ကို ကြည့်တာ။ 'ရှု'တာကတော့ အတွင်းကျကျ လေ့လာ

တာ။ Intellectual တွေဟာ များသောအားဖြင့် ကျောင်းမှာ မတော်လှဘူး။ သိပ္ပံပညာရှင်ကြီး 'အိုင်းစတိုင်း'ဟာ ဉာဏ်ထိုင်းတယ်တဲ့။ တီထွင်မှုတွေ အများကြီးလုပ်သွားတဲ့ 'အက်ဒီဆင်'လည်း ဒီလိုပဲ။ ကမ္ဘာကျော် ပြဇာတ်ဆရာကြီး 'ဘားနဒ်ရှော'လည်း ဒီလိုပဲတဲ့။ အချုပ်ဆိုရင် အတတ်ပညာရှင်တွေဟာ အလုပ်သမားတွေပဲ။ အသိပညာရှင်တွေကတော့ အတွေးသမားတွေ။ လူတွေထဲမှာ လူငယ်ဘဝကတည်းက လူငယ်ချင်းချင်း စရိုက်ချင်း မတူကြဘူး။ အများအားဖြင့်တော့ ဆရာသင်ပေးတဲ့ အတိုင်း မှတ်ထားပြီး လေ့ကျင့်ခန်းတွေ လုပ်တတ်ကြတယ်။ သူတို့ထဲမှာ တွေးနေငေးနေတဲ့ လူငယ်တစ်ယောက်တလေ ပါလာတတ်တယ်။ သူက ဆရာသင်တာကို နားထောင်ရင်း တွေးတောဆင်ခြင်လေ့ရှိတယ်။ လေးတယ်ဆိုတော့ သွက်တဲ့လူတွေလောက် အတန်းထဲမှာ အထင်မကြီးကြဘူးပေါ့။ ဒါပေမဲ့ ကျောင်းကထွက်ပြီး လူတောထဲမှာ အကြီးအကဲဖြစ်လာတဲ့ လူတချို့ဟာ ကျောင်းမှာတုန်းက စာမေးပွဲအောင်တော့ အောင်ပါရဲ့၊ ဂုဏ်ထူးတွေ တသီကြီး မရခဲ့ဘူး။ **ကမ္ဘာကျော် အတွေးအခေါ်ပညာရှင်ကြီးတွေဟာ ဒဿနဆိုတဲ့ အတွေးအမြင်ဘက်မှာ ထူးခြားပေမဲ့ ကျောင်းမှာတော့ သာမန်ပဲဖြစ်တာ များတယ်။ ကျောင်းမှာရော၊ ကျောင်းအပြင်ဘက်မှာရော တော်တဲ့လူတွေလည်းရှိပါတယ်။ အဲဒီလို စွယ်စုံပညာရှင်ကတော့ ရှားပါတယ်။**

အတတ်ပညာရှင်တွေထဲက အထူးလေးစားအပ်တဲ့ အသိပညာရှင်ကြီးတွေ ပေါ်ထွက်လာတတ်ပါတယ်။ သူတို့ဟာ အတတ်ပညာတတ်တယ်။ ဒါပေမဲ့ လုပ်တတ်၊ ကိုင်တတ်တာထက် အလုပ်ရဲ့ သဘောသဘာဝကို လေးလေးနက်နက် စိစစ်ဝေဖန် ဆင်ခြင်သုံးသပ်တတ်ကြလို့ အတွေးအမြင်မှာ ထူးချွန်ကြပေတယ်။ ဒါကြောင့်မို့ သိပ္ပံ၊ ဝိဇ္ဇာပညာရှင်ကြီးတွေဟာ သူတို့ရဲ့ အတွေးအမြင်တွေ ဖော်ပြရာမှာ ဖတ်ရသူတွေ

သိနားလည်ဖို့ ခက်တာလည်း ရှိတယ်။ ဖတ်သူတွေထဲမှာလည်း အကြောင်းအကျိုး ဆက်စပ်ဝေဖန်တတ်သူတွေရှိတော့ အတွင်းသဘောကို ထိုးထွင်းမြင်တတ်ကြပါတယ်။ အဲဒီ ဖတ်သူတွေဟာလည်း မထင်ရှားပေမဲ့ အသိစိတ်ဓာတ်ရှိလို့ အသိပညာရှင် ဖြစ်မှန်းမသိ ဖြစ်နေကြတယ်။

မင်းတို့ လူငယ်တွေမှာလည်း ဉာဏ်သွက်တဲ့သူတွေရှိသလို ဉာဏ်လေးတဲ့လူတွေ ရှိမှာပါ။ ဉာဏ်လေးတယ်လို့ ပြောတာ ဉာဏ်ထိုင်းတယ်လို့ ဆိုတာ မဟုတ်ဘူး။ ဉာဏ်ထိုင်းသူတွေက တော့ ညံ့လို့ပေါ့။ သူတို့လေးတာ၊ ထိုင်းတာနဲ့ အသိပညာရှင် ဖြစ်မယ့် သူတို့ ဉာဏ်လေးတာချင်းမတူဘူး။ ဆရာသင်ပေးတာကို နားမလည်တာ မဟုတ်ဘူး၊ နားလည်တယ်။ သူများထက် ပိုပြီး တောင် နားလည်သေးတယ်။ ဒါပေမဲ့ ဆရာပြောတာ ပြောတဲ့ အတိုင်း မှတ်လိုက်ရုံမဟုတ်ဘူး။ ဆရာ့စကားရော၊ ဖတ်ရတဲ့ စာမှာ ပါတဲ့ ဖော်ပြချက်ကိုရော သူက လေ့လာပြီးတော့ သူ့ကိုယ်ပိုင် ဉာဏ်နဲ့ အဆုံးအဖြတ်လုပ်လေ့ရှိတယ်။

ကလေးပုံပြင်တွေကိုပဲ ဥဒါဟရဏ်အဖြစ် ပြောပါဦးမယ်။ 'ရွှေယုန်နဲ့ ရွှေကျား သက်ငယ်ရိတ်သွားကြတယ်'ဆိုတဲ့ ပုံပြင်ကလေးကို လေးငါးခြောက်နှစ်အရွယ် ကလေးတစ်ယောက်က ကြားရတဲ့အခါ ရွှေယုန်က ရွှေကျားကို သူ့ အကောက်ဉာဏ်နဲ့ အမျိုးမျိုး 'ချောက်တွန်း' တာကို သတိပြုပြီး ရွှေယုန်နဲ့ ကောက်ကျစ်ယုတ်မာတဲ့ သဘာဝကို မှတ်သားထားလိုက်တယ်။ သူဟာ ကောင်းတာ၊ ဆိုးတာ၊ ရိုးတာ၊ ယုတ်တာကို ခွဲခြားသိတဲ့ အသိကလေး ရလိုက်တယ်။ ကလေးချင်းချင်း ကစားကြတဲ့အခါ ယုတ်မာကောက်ကျစ်တဲ့ ကလေးတစ်ယောက်ပါလာရင် သူ့အပြောနဲ့ အလုပ်ကိုကြည့်ပြီး 'ဒီကောင် မကောင်းဘူး'လို့ သိလိုက်

တယ်။ သူနဲ့ ကစားချင်စိတ် မရှိတော့ဘူး။

အခုပြောတာကို မင်းတို့ သေသေချာချာ စဉ်းစားကြည့်စမ်း။ အဲဒီလို အတွေ့အကြုံကလေးမျိုး၊ တွေ့ကြုံခံစားရတာမျိုး ရှိချင်ရှိနိုင်တယ်။ အဲဒါ 'ငယ်ငယ်ကတည်းက ဇာတိပြ' ဆိုတာမျိုးပေါ့။ 'အသိပညာ'၊ 'အသိပညာရှင်'ဆိုတဲ့ စကားတွေဟာ ကြီးကျယ်လှပါတယ်။ ရိုးရိုးဆိုရရင် 'အသိစိတ်'ရှိဖို့၊ သိတတ်ဖို့လိုတယ်။ အမှတ်တမဲ့မနေဘဲ စဉ်းစားဆင်ခြင်ရင် အသိစိတ်ပေါ်မယ်။

အသိစိတ်ဓာတ် ပျိုးထောင်ပြုစုမှု လိုအပ်တယ်။

ပညာရှင် နှစ်မျိုးနှစ်စား

ပညာနဲ့ ပတ်သက်လို့ နှစ်မျိုးဖြစ်တဲ့ "အတတ်ပညာ"နဲ့ "အသိပညာ"လို့ ခွဲခြားကြတယ်။ လူငယ်တွေမှာ ဒီနှစ်မျိုးခွဲခြားနားလည်ဖို့ လိုပါတယ်။ တကယ်တော့ ဒီနှစ်မျိုးဟာ ပညာချည်းပဲပေါ့။ ဒါပေမဲ့ ကွာခြားချက်ကတော့ (အကြမ်းဖျင်း ပြောရရင်) "အပေါ်ယံအသိ"နဲ့ "အတွင်းအသိ"ဆိုရပါလိမ့်မယ်။ ပညာဆိုတာမှာ "အသိ"မပါလို့ မဖြစ်ဘူး။ အကြောင်းခြင်းရာတွေကို သိဖို့လိုတယ်။ နားလည်ဖို့ လိုတယ်။ အဲဒီလို သိနားလည်တာဟာ "ပညာ"ပါပဲ။ အတတ်ပညာမှာလည်း အသိပါရတယ်။ ဒါပေမဲ့ ရှိနေပြီးသား၊ အများက လက်ခံပြီးသား အကြောင်းအရာတွေကို မိမိသင်ယူလေ့လာဖို့ သိရမယ်။ သိတာက သာမန်အနေနဲ့ သိတာရယ်၊ အသေးစိတ် သိတာရယ်။ အဲဒီ အသိနှစ်မျိုးလုံး သိနားလည်ပြီး လက်တွေ့လုပ်ကိုင် လေ့ကျင့်ပြီးမှ တတ်ကျွမ်းမှုရတယ်။

အတတ်ပညာတွေဟာ မောင်တို့၊ မယ်တို့ သိကြပြီး အဲဒီ လုပ်ငန်းတွေမှာ လုပ်တတ်၊ ကိုင်တတ်၊ စီမံဖန်တီးတတ်တယ်ဆိုတဲ့

တတ်ကျွမ်းမှု ပိုင်ပိုင်နိုင်နိုင်ရရှိမှ အဲဒီ အတတ်ပညာကို တတ်တယ်။ ထတ်တာအမှန်ပဲလားဆိုတာ သိရအောင် သက်ဆိုင်ရာ ဘွဲ့တွေ၊ အောင်လက်မှတ်တွေ ပေးလိုက်တယ်။ အဲဒီပညာတွေကို တတ်သူတွေဟာ "အတတ်ပညာရှင်"တွေပါပဲ။ သူတို့တစ်တွေဟာ လူမှုရေးရာတွေမှာ အသီးသီးတာဝန်ယူပြီး ဆောင်ရွက်ကြတယ်။ သူတို့ကြောင့် လူ့လောကမှာ ပစ္စည်းအမျိုးမျိုး ထွက်လာတယ်။ ပညာဗဟုသုတအမျိုးမျိုးကို အသုံးပြုပြီး လောကကြီး ထွန်းကားကြီးပွားဖို့ ဆောင်ရွက်ကြရတယ်။ **ကျောင်းသင်ပညာတွေဟာ အတတ်ပညာတွေချည်းပဲလို့ မှတ်ယူလိုက်ကြပါ။ ကျောင်းတွေ၊ တက္ကသိုလ်တွေမှာ ဆရာတွေက သင်ပေးလို့ တတ်ရတဲ့ ပညာပဲ။**

အသိပညာဆိုတာက ကိုယ့်ဘာသာကိုယ် ဆည်းပူးရလိမ့်မယ်။ ဆရာ မလိုဘူးလားလို့ မေးနိုင်ပါတယ်။ လိုပါတယ်။ အများကြီးလိုတယ်။ အဲဒီ ဆရာတွေက ဘယ်သူတွေလဲ၊ ဘယ်မှာလဲ၊ ဘယ်ကျောင်းတက်ရမှာလဲ ဆိုတဲ့ မေးခွန်းတွေကို ဖြေရရင် စာပေတွေဟာ ဆရာတွေပါပဲ။ သုတ၊ ရသ၊ ဒဿနဆိုတဲ့ စာပေအမျိုးအစားအားလုံးက ဆရာတွေဖြစ်ပါတယ်။ စာပေတွေ အမျိုးစုံ ဖတ်ရပါလိမ့်မယ်။ ပြီးတော့ တက်ရမယ့် ကျောင်းက "ဘဝတက္ကသိုလ်"ပါပဲ။ လူ့လောကတစ်ဝန်းလုံးရဲ့ လူသားတို့ရဲ့ ဘဝအခြေအနေတွေ၊ သူတို့ရဲ့ အတွေးအခေါ်တွေ၊ သူတို့ခံစားချက်တွေ၊ အကျင့်စရိုက်တွေဟာ အသိပညာအတွက် "ဝမ်းစာ"တွေပေါ့။ ကြီးကျယ်လှချေလား။ ဘယ်လောက်ကြာကြာ ဆည်းပူးရမလဲ၊ တစ်သက်တာလုံး လမ်းညွှန်ရပါလိမ့်မယ်။ ဘယ်သူက ဘယ်လို ပညာယူရမှာလဲ၊ ရှင်းပါတယ်။ ကိုယ်ကိုယ်တိုင် ဘဝပညာကို ဆည်းပူးရမှာမို့ ကိုယ့်ဉာဏ်ကို အမြဲ အသုံးပြုပြီး အကြောင်းခြင်းရာတစ်ခုခုနဲ့ ကြုံတွေ့ရင် အဲဒီအကြောင်းခြင်းရာဟာ သဘာဝကျသလား၊ ဘယ်စာရေးဆရာကြီး

တွေက ဘယ်လိုဆိုသလဲ၊ **စာမျိုးစုံ ဖတ်ရမယ်။ ဖတ်ပြီး စဉ်းစား ဆင်ခြင်ရမယ်။ အမှန်နဲ့ အမှား ခွဲခြားတတ်အောင် ကိုယ်ပိုင်ဉာဏ်နဲ့ ဝေဖန်ပိုင်းခြားရမယ်။** သုံးသပ်ဆင်ခြင်ပြီးတော့ အမှန်တရားကို ရှာရမယ်။ ဒီလောက် ကြီးမားခက်ခဲတဲ့အလုပ် ဘယ်သူလုပ်နိုင်မှာလဲ။ ဘယ်သူမှ မလုပ်နိုင်ပါဘူး။ ဘဝရဲ့အဓိပ္ပာယ်ဟာ သိနားလည်ဖို့ ခက်ပါတယ်။ လူငယ်လူရွယ်တွေ မပြောနဲ့၊ အိုမင်းမစွမ်း အဘိုး၊ အဘွားတွေတောင်မှ ဘဝအဓိပ္ပာယ်ကို ကောင်းကောင်း မသိနိုင်ကြပါဘူး။ ဒါဖြင့် အသိပညာဆည်းပူးတာ မဖြစ်နိုင်ဘူးပေါ့။ မဖြစ်နိုင်ဘူးတော့ မဟုတ်ပါဘူး။ ဖြစ်နိုင်သလောက်ဖြစ်အောင် ကြိုးစားရမှာပေါ့။ အဲဒီတော့ သက်ကြီးဝါရင့်တွေရဲ့ ဆိုရိုးစကားတွေ၊ လူမျိုးစုတွေရဲ့ စကားပုံတွေ၊ အို... စာမျိုးစုံကို များများဖတ်မှ ဖြစ်မှာ။

ဒီလောက် ကျယ်ပြန့်တဲ့ အလုပ်ကို ဘယ်လုပ်နိုင်မှာလဲလို့ မောင်တို့၊ မယ်တို့က ဆိုကြမယ်။ မှန်ပါတယ်။ ဒါပေမဲ့ လုပ်ရမှာက တစ်သက်လုံးပဲ။ ဒီလို ဖော်ညွှန်းတာတွေကို တတ်နိုင်သမျှ လုပ်ရမှာပါ။ အခိုက်ကြုံတိုင်း အကြောင်းခြင်းရာတို့၊ အတွေ့အကြုံတို့ကို စိစစ်ဝေဖန်သုံးသပ်ရမှာပါ။ ပညာဆိုတာ ဖြည်းဖြည်းဆည်းပူးရမယ်ဆိုတာ အဲဒီ ဘဝ အသိပညာတို့ဆိုတာက အကန့်အသတ်နဲ့တတ်အောင် သင်ယူရမှာ ဖြစ်တယ်။ ဆိုပါတော့ ဘီအေ၊ အမ်အေ၊ ပီအိပ်ချ်ဒီ စတဲ့ဘွဲ့တွေနဲ့ ခွဲခြားသတ်မှတ်ထားတယ်။ အသိပညာဆိုတာကို သတ်မှတ်ထားလို့ မဖြစ်နိုင်ဘူး။ ဘာဘွဲ့မှလည်း ရမှာမဟုတ်ဘူး။ ကိုယ်ပိုင်ဉာဏ်ကိုသုံး၊ ကိုယ့်ထက် ရင့်ကျက်သူတွေဆီက စာတွေ၊ ပြောကြဆိုကြတာတွေ မှတ်သား၊ ပြီးတော့ ဘာအကြောင်း၊ ဘာကိစ္စမှာမဆို ဆင်ခြင်သုံးသပ်ပြီး အကောင်းအဆိုး၊ အမှားအမှန် ခွဲခြားတတ်အောင် ကြိုးစားမယ်ဆိုရင် တစ်သက်တာ ဆည်းပူးရမှာပါ။ **မောင်တို့၊ မယ်တို့ကို စာများများ**

ဖတ်ကြပါလို့ အထပ်ထပ် အခါခါ တိုက်တွန်းပါတယ်။ အဲဒီလို စာဖတ်ကျင့် ကြီးမားခိုင်မြဲပါမှ အသိပညာရဖို့ လမ်းပေါက်မယ်။ လန့်မသွားပါနဲ့။ ဘဝနေရေး၊ ထိုင်ရေးကို အဆက်မပြတ်လုပ်ပါ။ အရာရာမှာ သတိထားပြီး မှတ်သားသင့်တာ မှတ်သားပါ။ စာတွေထဲက အဆိုအမိန့်တွေကို လေးလေးစားစား ဆင်ခြင်သုံးသပ်ပါလို့ ပြောချင်ပါတယ်။

ဇတ်ပါ တွေးပါ မှတ်ပါ

အတတ်ပညာရှင်တွေနဲ့ အသိပညာရှင်တို့ဟာ သဘာဝချင်း မတူကြဘူးလို့ ဆိုခဲ့ပြီးပါပြီ။ အတတ်ပညာရှင်တို့ဟာ သူတို့ သင်ကြား တတ်မြောက်တဲ့ အတတ်ပညာကိုလိုက်လို့ ဘဝတူချင်း စုစည်းကြတယ်။ **အသိပညာရှင်တို့ကတော့ အထီးကျန်သမားတွေပဲ။ စုစည်းလို့ မရနိုင်ဘူး။ ဘာ့ကြောင့်လဲဆိုတာတော့ အသိပညာရှင်တို့ဟာ တစ်ဦးနဲ့တစ်ဦး အမြင်ချင်း မတူကြဘူး။** ကျောင်းသင်ခန်းစာတွေနဲ့ စာမေးပွဲ အောင်ကြရတဲ့ အတတ်ပညာရှင်တွေလို ဘာသာရပ်ချင်းတူသူတွေဟာ ဒီစာမျိုး၊ ဒီလက်တွေ့ သင်ခန်းစာမျိုးချည်းသင်ခဲ့ကြရလို့ အချင်းချင်း အတတ်ပညာအနေနဲ့ တူညီကြတယ်။ ဆိုလိုတာကတော့ ဆရာဝန်တွေဟာ သူတို့ အလုပ်အကိုင်နဲ့ပတ်သက်ရင် အသိအတတ်ချင်း တူတယ်။ ပညာရပ်ပေါ်မှာ သဘောထားချင်း တူတယ်။ ဒါပေမဲ့ လူပုဂ္ဂိုလ်ချင်းတော့ မတူဘူးပေါ့။ အလုပ်သဘာဝချင်း အတူတူဖြစ်တော့ ပေါင်းသင်းဆက်ဆံလို့ ရတယ်။

အလုပ်ချင်းတူတဲ့ အလုပ်သမားတွေမို့ သူတို့ဟာ စုစည်းလို့ ရတယ်။ အလုပ်နဲ့ပတ်သက်လို့ ပညာအဆင့်ချင်း ကွာချင်ကွာမယ်။

သဘာဝချင်း တူကြတယ်။ သူတို့ဟာ "အတတ်ပညာ လုပ်ငန်းရှင်"များ ဖြစ်တယ်။ (အင်္ဂလိပ်လိုခေါ်ရင် Professional တွေပဲ) ဆရာဝန်၊ အင်ဂျင်နီယာ၊ ရှေ့နေ၊ ကျောင်းဆရာ စတဲ့ (Professions)ပညာသည် လုပ်ငန်းတွေမှာ ဘဝတူချင်းချင်း အလုပ်ကိစ္စပြဿနာတွေ၊ ခံစားချက်တွေဟာ တူပါတယ်။ ဒါကြောင့်လည်း သူတို့တစ်တွေကို Intelligensia ဆိုတဲ့ သမူဟနာမ် (Collective)ဖြစ်လို့ စုစည်းလို့ မရနိုင်ဘူး။ သာမန်အနေနဲ့ ဘယ်အဖွဲ့အစည်းထဲဝင်ဝင် သူတို့တစ်တွေဟာ ကိုယ်ပိုင်ဉာဏ်၊ ကိုယ်ပိုင်အမြင်၊ ကိုယ်ပိုင်သဘောထားတွေနဲ့ချည်းပဲ။ သူတို့ဟာ အများတူညီတဲ့ သဘောထားကို လက်ခံတယ်ဆိုဦးတော့ ယေဘုယျသဘောနဲ့သာ လက်ခံတာဖြစ်တယ်။ သူတို့ ကိုယ်စီကိုယ်င သူတို့ရဲ့ အတွေးအမြင်တွေဟာ တူချင်မှတူမယ်။ တူတဲ့အခါလည်း ရှိပါတယ်။ ဒါပေမဲ့ ခြွင်းချက်တွေနဲ့တူတာ ဖြစ်မယ်။ **သူတို့တစ်တွေဟာ ဘဝတစ်လျှောက်လုံး အများနဲ့အတူနေပြီး သင့်သင့်မြတ်မြတ် ဆက်ဆံကြပေမဲ့ တကယ်တော့ တစ်ဦးချင်းသဘော ရှိနေကြတယ်။**

မင်းတို့ကို ဒီလိုချဲ့ပြီးပြောတော့ နားရှုပ်ချင် ရှုပ်မယ်။ နားလျှံချင်လျှံမယ်။ ဒါတော့ မင်းတို့မှာ နားလည်နိုင်တဲ့ဉာဏ်ရှိမှာပဲလို့ ယုံကြည်တဲ့ အလျောက် အခုလို ဖော်ပြတာပဲ။ သေသေချာချာ တစ်ခေါက်မက ဖတ်ပါ။ ပြီးတော့ အဓိပ္ပာယ်ကို မင်းတို့ရဲ့ ကိုယ်ပိုင်ဉာဏ်နဲ့ ဆင်ခြင်ပြီး ရှာယူပါ။

လူ့လောကမှာ လူတွေဟာ အလုပ်လုပ်ကြရတယ်။ ဒါဟာ လူ့တာဝန်ပဲ။ ပဓာန တာဝန်ပါပဲ။ အလုပ်လုပ်ရာမှာ အတွေးအခေါ် အထင်အမြင်တွေကို အသုံးပြုကြရတယ်။ ကိုယ့်အားနဲ့လုပ်တဲ့ အလုပ်ပဲဖြစ်ဖြစ် ဉာဏ်ကိုတော့ အထိုက်အလျောက် သုံးရမှာပဲ။ ဒါပေမဲ့ ပေါ့ပေါ့နေ၊ ပေါ့ပေါ့လုပ်၊ ပေါ့ပေါ့တွေးနေရင် မင်းတို့ဘဝ

ဟာ ပေါ့ပေါ့တန်တန်နဲ့ ပြီးဆုံးသွားမှာပဲ။ လူမမည် အရွယ်လောက် ကတည်းက ကျောင်းသွားပြီး စာသင်တာ စာတတ်ဖို့ပဲ။ စာကောင်း ကောင်းတတ်မှ စာကောင်းကောင်း ဖတ်နိုင်မယ်။ စာကောင်းကောင်း ဖတ်မှ ဘဝအကြောင်း ပြည့်ပြည့်စုံစုံ သိနိုင်မယ်။ လူ့ဘဝအဓိပ္ပာယ်ကို သိမှ လူဖြစ်ကျိုးနပ်မယ်။ ဒါကြောင့် စာသင်တာ။ စာတတ်ရင် ပညာ တတ်မယ်၊ အတတ်ပညာကို သင်လို့ တတ်မယ်။ အသိပညာကိုတော့ စာများများ ဖတ်၊ တွေးခေါ်မြော်မြင်မှု ပြု။ အဲဒီတော့မှ လူ့အကြောင်း ပိုပြီး လေးလေးနက်နက် သိရမယ်။ ကိုယ့်အကြောင်းကို အရင်သိဖို့ လိုတယ်။ အသိစိတ်ဓာတ်ဆိုတာ ဘဝမှာ အရေးအကြီးဆုံးပဲ။

အတတ်ပညာထဲမှ အသိပညာရယူတတ်ဖို့ လိုတယ်။ ဆိုခဲ့ပြီ မဟုတ်လား။ အတတ်ပညာကို သင်ယူရမယ်။ အသိပညာကိုတော့ ကိုယ့် ကိုယ်ပိုင်ဉာဏ်ကို အစွမ်းကုန် အသုံးပြုပြီး တစ်သက်လုံး ဆည်းပူး ရမယ်။ အဲဒီတော့ အခု မင်းတို့အရွယ် ငယ်ပါသေးတယ်။ သာမန် သက်တမ်းအရဆိုရင် မင်းတို့မှာ အချိန်တွေ အများကြီးရှိပါသေးတယ်။ ဘဝဆိုတာ ပေါ့ပေါ့တန်တန်နေလို့လည်း ရပါတယ်။ ဒါပေမဲ့ မနေ သင့်ဘူး။ လေးလေးနက်နက် သဘောထားပြီး လူ့ဘဝ၊ လူ့စရိုက်၊ လူ့စိတ်နေသဘောထားတွေကို လေးစားပါ။ စာတွေထဲမှာ အများ ကြီးရှိတယ်။ ထပ်ပြောဦးမယ်၊ စာများများဖတ်၊ ဖတ်ပြီး တတ်နိုင် သလောက် အဓိပ္ပာယ်ရှာယူ။ အဓိပ္ပာယ်မရှိတဲ့ 'စာပေါ့'တွေကိုတော့ အပျင်းပြေဖတ်ပေါ့။ ဒါနဲ့တော့ အချိန်မကုန်စေနဲ့။ တွေးစရာ၊ မှတ် စရာတွေပါတဲ့ စာတွေရှိတယ်။ ဖတ်ပါ။ အားထုတ်ပြီးဖတ်ရင် တဖြည်းဖြည်း စာရဲ့အရသာကို တွေ့ပါလိမ့်မယ်။ အသိပညာရှင် ဖြစ်လာအောင် ကြိုးစားပါ။

အတတ်မှဲ့ အသိသို့

"အသိစိတ်"ဆိုတာ အဓိပ္ပာယ်လေးနက်တဲ့ စကားပါပဲ။ အရာရာကို နမော်နမဲ့ မနေဘဲနဲ့ သတိထားပြီး လေ့လာရမယ်။ အဲဒီတော့ မှ အခြေအနေမှန်ကို သိဖို့ လမ်းပေါ်မယ်။ အခြေအနေဆိုတာ ရှုပ်ထွေး တတ်တယ်။ အကြောင်းအမျိုးမျိုး စုပေါင်းဖြစ်ပေါ်လာလို့ အခြေအနေဆို တဲ့အဖြစ် ပေါ်လာတယ်။ ပြဿနာပဲပေါ့၊ ပေါ်ပေါက်လာတဲ့ ပြဿနာ ဟာ သေးတာပဲဖြစ်ဖြစ်၊ ကြီးတာပဲဖြစ်ဖြစ် မလေ့လာလို့ မဖြစ်ဘူး၊ မဖြေ လို့ မဖြစ်ဘူး။

ကိုယ်ရေးကိုယ်တာ ပြဿနာတွေကို ကိုယ်ပဲ ဖြေရှင်းရ မယ်။ အများနဲ့အတူဖြစ်တဲ့ ပြဿနာကိုတော့ အများနဲ့ စုဝေးတိုင် ပင်ပြီး အဖြေရှာကြရလိမ့်မယ်။ ပြဿနာ ဖြေရှင်းရာမှာ ကိုယ့်စိတ် ထင်ရာကို ကောက်ချက်ချပြီး ဖြေရှင်းရင် မှားဖို့အကြောင်း များ တယ်။ ဘက်မလိုက်ဘဲ နှစ်ဖက်ကို ရှင်းရှင်းလင်းလင်း မြင်အောင်ရှုဖို့ လိုတယ်။ ဒီလိုမှ မဟုတ်ရင် တစ်ဖက်သတ် ဖြစ်သွားမယ်။

အဲဒီလို ပြဿနာတစ်ခုခုကို ကိုင်တွယ်ဖြေရှင်းရာမှာ အကြောင်း

အကျိုးမှန်ကို ဉာဏ်ဖြင့် ရှာရလိမ့်မယ်။ ကိုယ်က ဘယ်လိုမှ ကြိုတင်ဆုံးဖြတ်ချက် မချရဘူး။ အင်္ဂလိပ်စကားလုံးတစ်လုံး ဖော်ပြရဦးမယ်။ အဲဒါက Prejudiceတဲ့။ Preဆိုတာ "ကြိုတင်၍" + Judiceဆိုတာက "ဆုံးဖြတ်မှု"၊ အဲဒါကို မြန်မာက "ဘက်လိုက်တယ်"လို့ ဆိုတယ်။ မှန်ပါတယ်။ ကိုယ်နှစ်သက်တဲ့ဘက်ကို အသာပေးပြီး ဆုံးဖြတ်တာကို ဆိုလိုတာပါပဲ။

လူတွေရဲ့ သဘာဝကတော့ ကိုယ့်ဘက်က မှန်တယ်။ ကိုယ်ကတရားတယ်။ သူ့ဘက်က မှားတယ်။ သူက ဆိုးတယ်။ ညစ်တယ်ဆိုတဲ့ သဘောထားမျိုး ရှိခြင်းပါပဲ။ အဲဒါ ဘက်လိုက်တာပေါ့။ ကိုယ်ထင်တဲ့ အတိုင်း ဟုတ်ချင်မှဟုတ်မယ်။ သူ့ဘက်က မှန်တာလည်း ရှိနိုင်တယ်။ ကောင်းတာလည်း ရှိနိုင်တယ်။ အကောင်းနဲ့အဆိုးဟာ တွဲဖက်နေတယ်။ **လူဆိုးကြီးလို့ အများက ပြောနေကြတဲ့လူမှာ အများမြင်တာက ဆိုးတယ်၊ ယုတ်တယ်၊ ရက်စက်တယ်ပေါ့။ သူတို့ စစ်ဆေးကြည့်လိုက်တော့ ဆိုးတာတွေ အများကြီးပဲ။ ရက်စက်တာလည်း အထင်အရှားပဲ။ ဒါပေမဲ့ မထင်မရှား တစ်ကြောင်းကြောင်းမှာ သူ့စေတနာ မှန်တာ တွေ့မယ်ဆိုတွေ့နိုင်တယ်။**

လူသားတို့ရဲ့ စိတ်နေသဘောထားမှာ ရိုးရိုးစင်းစင်းကြီး မဟုတ်ဘူး။ ကောင်းတဲ့အချက်တွေ၊ ဆိုးတဲ့အချက်တွေ ရှိတာချည်းပဲ။ သူတော်ကောင်းတွေတောင် အပြစ်အနာအဆာတွေ ရှိခဲ့ဖူးတယ်။ နောက်မှ နောင်တရပြီး သူတော်ကောင်း ဖြစ်တာမျိုး ရှိတယ်။

အဲဒီလို အကောင်းအဆိုး ရောနေတာကို ကိုယ့်အသိစိတ်ဓာတ်နဲ့ ခွဲခြားဝေဖန်တတ်မှ အဲဒီလူဟာ "အသိပညာရှင်"လို့ ခေါ်ဆိုထိုက်တယ်။ အထူးသဖြင့် ခေါင်းဆောင်လုပ်ရတဲ့ပုဂ္ဂိုလ်မျိုးမှာ တော်မှန်ဖြောင့်မတ်တဲ့ သဘောထားရှိရလိမ့်မယ်။ ဒါမှ ခေါင်းဆောင်ကောင်းပေါ့။

အဲဒီလို တော်မှန်ဖြောင့်မတ်တဲ့ လူဟာ "လူတော်လူကောင်း"ပဲ။ တော်မှန်ဖြောင့်မတ်တဲ့ လူဟာ လူဆိုးလူယုတ်မာ မဖြစ်နိုင်ဘူး။ ဖြစ်ရင်လည်း လူတော်လူကောင်း မဟုတ်တော့ဘူး။ လူတော်လူကောင်းဆိုတာ တကယ်တော့ "သူတော်ကောင်း"ပဲ။

ကမ္ဘာမှာ မော်ကွန်းဝင် အသိပညာရှင်ကြီးတွေဟာ လူတော်လူကောင်းတွေချည်းပါပဲ။ ကမ္ဘာတစ်ဝန်းလုံးက လေးစားရတဲ့ ပုဂ္ဂိုလ်ကြီးတွေ ဖြစ်ပါတယ်။ ဘယ်တိုင်းပြည်က ဘယ်သူကပဲ ဖြစ်ဖြစ် အသိပညာရှင်ကြီးတွေရဲ့ အဆိုအမိန့်တွေဟာ မိမိကိုယ်တိုင် အသိပညာရှင်၊ သို့မဟုတ် အသိစိတ်ဓာတ်ရှင် ဖြစ်ချင်တဲ့ လူငယ်လူရွယ်တို့အဖို့ အသိပညာအတွက် သင်ခန်းစာတွေပါပဲ။ အဲဒီအဆိုအမိန့်တွေဟာ "ပညာစကား" (Words of Wisdom) ဖြစ်တယ်။

Wisdom ဆိုတဲ့စကားကို မောင်တို့မယ်တို့ သိကြမှာပေါ့။ အသိစိတ်ဓာတ်ကရတဲ့ ပညာလို့ ခေါ်ရပါလိမ့်မယ်။ အသိနှစ်မျိုးရှိတယ်လို့ ပြောခဲ့ပြီးမဟုတ်လား။ အပေါ်ယံအသိဆိုတာက အင်္ဂလိပ် Knowledge လို့ ခေါ်တယ်လေ။ သိကြမှာပေါ့။ know "သိသည်"ဆိုတဲ့ ကြိယာပုဒ်ရဲ့ နာမ်ပုဒ်ပေါ့။ Wisdom ဆိုတာကတော့ Wise ဆိုတဲ့ နာမဝိသေသန "လိမ္မာသော"ဆိုတဲ့ Wise ရဲ့ နာမ်ပုဒ်ပဲ။

ရှေ့မှာဆိုခဲ့တဲ့ အပေါ်ယံအသိနဲ့ အတွင်းအရင်းခံအသိဆိုတဲ့ အတိုင်းပဲ အသိပညာရှင်ရဲ့အသံဟာ လေးနက်တဲ့အဓိပ္ပာယ်ဆောင်တဲ့ "အသိ" Wisdom ဖြစ်တယ်။ အတတ်ပညာမှာရှိတဲ့ လုပ်ကိုင်တတ်စေတဲ့အသိက knowledge ဖြစ်တယ်။ အဲဒီ အသိနှစ်မျိုးကို သေသေချာချာ နားလည်စေချင်တယ်။

အတတ်ပညာရှင်၊ အသိပညာရှင်လို့ ခွဲခြားပြောဆိုနေရ

တာကတော့ အတတ်ပညာတတ်ရုံနဲ့တော့ မပြည့်စုံနိုင်ပါ။ အသိစိတ်ဓာတ် ရင့်ကျက်ဖို့လိုတယ်လို့ ဆိုချင်ပါတယ်။ အတတ်ပညာရှင်တွေဟာ အသိပညာရှင်တွေဖြစ်ဖို့ လိုပါတယ်။ အတတ်မှ အသိဖြစ်ရေးသည် လိုအပ်ပါ၏လို့ ပြောလိုက်ပါရစေ။

ပညာဆည်းပူးပါ

Knowledge နဲ့ Wisdom အဓိပ္ပာယ် ခွဲခြားပြပြီးပြီ မဟုတ်လား။ စာများများဖတ်လို့လည်း တိုက်တွန်းပြီးပြီ။ ဟိုးရှေးခေတ်က အင်္ဂလိပ်စာပေသမိုင်းမှာ "အက်ဆေး"ရေးတဲ့ ဆရာကြီး ဖရန်ဆစ်–ဘေကွန် (Francis Bacon) က ဆိုတယ်။ Reading Maketh a full man တဲ့။ မြန်မာလိုကတော့ "စာဖတ်ခြင်းသည် ပြည့်ဝသည့် လူတစ်ယောက်ဖြစ်စေသည်"။

ပြည့်ဝတယ်ဆိုတဲ့စကားဟာ အဖိုးတန်တယ်။ လူ့ဂုဏ်ဒြပ် ပြည့်ပြည့်ဝဝရှိရင် လူတွေထဲမှာ လေးစားအပ်တဲ့ ပုဂ္ဂိုလ်ဖြစ်တယ်လို့ အသိအမှတ်ပြုကြတယ်။ ပစ္စည်းဥစ္စာ ပြည့်ပြည့်စုံစုံရှိတယ်။ သဘောထား ပြည့်ဝတယ်။ အကျင့်စာရိတ္တကောင်းမွန် ပြည့်ဝတယ်။ အဲဒီလို ဆိုကြတယ်မဟုတ်လား။ လူ့ဘဝမှာ လူရဲ့ဂုဏ် ပြည့်စုံတယ်၊ ပြည့်ဝတယ်ဆိုတာ အလွန်လိုလားအပ်တဲ့ အဖြစ်ပဲ။ လူတွေဟာ ပြည့်စုံဖို့၊ အရာရာမှာ ပြည့်ပြည့်စုံစုံရှိရင် "ပြည့်ဝတယ်"လို့ ဆိုကြတယ်။ ဘေကွန်ပြောတဲ့ full man လိုပေါ့။

ဥစ္စာပစ္စည်းဆိုတဲ့ "ဒြပ်"ပြည့်စုံတာ လိုလားအပ်ပါတယ်။ ဒါပေမဲ့ ကံအကျိုးပေးကောင်းမှ ပြည့်စုံတယ်။ ဒါပေမဲ့ မိမိရဲ့ ကံအကျိုးပေးက လိုသေးတယ်။ ငါတို့တစ်တွေဟာ အများအားဖြင့် ကံကိုယုံကြည်သူတွေဖြစ်တယ်။ ကံစီမံရာကို ငါတို့တစ်တွေ ခံယူရတယ်။ အဲဒါ မျက်မြင်သာဓကတွေ အများကြီးပဲ။ မွေးလာကတည်းက တချို့က ပစ္စည်းဥစ္စာ ပြည့်စုံကြွယ်ဝတဲ့ မိဘများက မွေးလိုက်တဲ့လူဟာ ကလေးဘဝကတည်းက သူဌေးသား၊ သူဌေးသမီးဖြစ်လို့ ဘဝအစပိုင်းမှာ လိုရာရတယ်။ ချမ်းသာတယ်။

ဆင်းရဲတဲ့ မိဘများရဲ့ သားသမီးတွေကတော့ မွေးပြီးစကတည်းက လိုရာဆန္ဒ မပြည့်စုံဘူး။ ချို့ချို့တဲ့တဲ့ နေကြရတယ်။ **လူဆိုတာ လူလူချင်းအတူတူပဲလို့ ဆိုနိုင်ပေမဲ့ ကံချင်းမတူလို့ ဘဝအခြေအနေ အဆင့်အတန်းချင်း မတူဘူးဆိုတာ လူတိုင်းသိတယ်။ ကံချင်းမတူလို့ ချမ်းသာတာ၊ ဆင်းရဲတာ ကွဲပြားနေပေမဲ့ ကံအကျိုးပေးက ဆန်းကြယ်တယ်။**

ဘယ်လိုလဲဆိုတော့ ချမ်းသာတဲ့ သားသမီးတချို့ဟာ မိဘရဲ့ ကျေးဇူးကြောင့် ပစ္စည်းဥစ္စာ လိုရာရနိုင်တယ်။ ဒါပေမဲ့ ဉာဏ်အရာမှာ ဆင်းရဲသား သားသမီးတွေထက် သာချင်မှသာမယ်။ မသာတာ များပါတယ်။ တကယ်တော့ ပစ္စည်းဥစ္စာဆိုတာ တစ်သက်တာ ခံချင်မှ ခံမှာ။ မခံတာများပါတယ်။ ကုဋ္ဌေရှစ်ဆယ် သူဌေးသား ပညာမတတ်လို့ သူတောင်းစားဘဝနဲ့ အသက်ဆုံးရတယ်ဆိုတာ ရှေးပုံပြင်မှာပါလို့ "မယုံရင်ပုံပြင်လို့မှတ်ပါ"ဆိုတဲ့စကားအတိုင်း "မယုံရင် မှားမှာပေါ့။ အခုမျက်မြင်အဖြစ်အပျက်တွေကို စိစစ်ကြည့်ရင် ချမ်းသာတဲ့မိဘတွေ ကွယ်လွန်သွားပြီးနောက် ပညာမတတ်တဲ့ သူဌေးသားတွေဟာ သူတောင်းစားမဖြစ်တောင် ဆင်းတောင့်ဆင်းရဲ ဖြစ်ကြတယ်။ တချို့ဆိုရင် လူလိမ်လူ

ကောက်ဖြစ်ပြီး အများက ပစ်ပယ်ကြတယ်။ ကဲ... ထားပါတော့။

လူတို့ရဲ့ ဉစ္စာအစစ်ဟာ ပစ္စည်းတွေ၊ ငွေတွေ မဟုတ်ပါဘူး။ ငွေကြေးပစ္စည်းပစ္စယဆိုတာ ဘဝမှာ အထောက်အကူအဖြစ် လိုအပ်ပါတယ်။ ဒါပေမဲ့ ဣန္ဒြေရရနေနိုင်ရင် တော်ပါပြီ။ လူ့ဉစ္စာ အစစ်က "ပညာ"ပါ။ "ပညာ"ဆိုတာ အတတ်ပညာရော အသိပညာပါ ပါရမယ်ဖြစ်တယ်။ ပညာရဖို့က လူတိုင်းကြိုးစားလို့ရပါတယ်။ "ဝိရိယ"ဟာ လူရဲ့အင်အားပဲ။ ပညာဆိုတဲ့ ဉစ္စာရဖို့ ဉာဏ်ရယ်၊ ဝိရိယရယ် လိုပါတယ်။ အခုပြောနေတာဟာ ပြောရိုးပြောစဉ်ပဲလို့ ဆိုနိုင်ပါတယ်။ ပြောရိုးပြောစဉ်ဆိုတာ အမြဲတမ်း မှန်ကန်နေလို့ ဟောင်းပေမဲ့ ရိုးမသွားပါဘူး။ အမှန်တရားတစ်ရပ်မို့ ဘယ်တော့မှ ဟောင်းသွားမှာ မဟုတ်ပါဘူး။

တချို့လူငယ်တွေက ဒီအကြောင်းတွေဟာ အဟောင်းတွေပါလို့ ဆိုချင်ကြတယ်။ ဆိုလည်း ဆိုကြတယ်။ ဒါပေမဲ့ မှန်နေတဲ့ အမှန်တရားကို ပစ်ပယ်ရင် မှားပါလိမ့်မယ်။

လူရဲ့ ဉစ္စာအစစ်ဟာ "ပညာ"ပါပဲ။ ပညာကို ဆည်းပူးလို့ရပါတယ်။ ကိုယ်ပိုင်ဉာဏ်နဲ့ ဝိရိယတို့ဟာ လူတိုင်းမှာ အထိုက်အလျောက် ရှိကြတာပါပဲ။ အဲဒီပစ္စည်းတို့ကို အစွမ်းကုန် အသုံးပြုဖို့လိုတယ်။ "ပညာ"ဘယ်လောက်ကြာကြာ ဆည်းပူးရမလဲလို့ မေးရင် "တစ်သက်လုံးပဲ"လို့ မဆိုင်းမတွ ဖြေရပါလိမ့်မယ်။

"ဘဝပညာ"ကို ဘဝဆိုတဲ့ တက္ကသိုလ်မှာ နေ့စဉ်နေ့တိုင်း ဖတ်ရှုလေ့လာတဲ့ စာတွေ၊ ကြားသိရတဲ့ သူတစ်ပါးတို့ရဲ့ အတွေ့အကြုံတွေ၊ မြင်တွေ့ရတဲ့ အတွေ့အကြုံတွေ၊ ကိုယ်တိုင်တွေ့ကြုံ ခံစားရတဲ့ အဖြစ်အပျက်တွေဟာ ဘဝသင်ခန်းစာတွေပါပဲ။ အဲဒါတွေကို မိမိမှာရှိတဲ့ ဉာဏ်ကိုသုံးပြီး ရှိနေရမယ့် သတိနဲ့ ဆင်ခြင်သုံးသပ် ဝေဖန်ပြီး ဘဝပညာ

ကို ဆည်းပူးရလိမ့်မယ်။

ကျောင်းမှာသင်ယူခဲ့တဲ့ အတတ်ပညာအရပ်ရပ်ကို အခြေခံပြီး ဘဝပညာကို ဆည်းပူးရပါလိမ့်မယ်။ မင်းတို့တစ်တွေ ငယ်ပါသေးတယ်။ ဒါပေမဲ့ အချိန်မနှောင်းစေဖို့ အခုကတည်းက စတင်ဆည်းပူးစေလိုပါတယ်။

လူ့စွမ်းအင်များ

လူမှာ အများအားဖြင့် စွမ်းအင်များရှိကြတယ်။ ကာယစွမ်းအင်၊ ဉာဏစွမ်းအင်၊ စရဏစွမ်းအင်တို့ ဖြစ်တယ်။ ရှေးကံခေလို့ မွေးကတည်းကဖြစ်စေ၊ ငယ်ရွယ်စဉ်မှာဖြစ်စေ၊ ကိုယ်အင်္ဂါချို့တဲ့ကြတာတွေ ရှိတယ်။ တစ်သက်လုံး ချုချာသူတွေလည်း ရှိတယ်။ ဒါပေမဲ့ အများအားဖြင့်တော့ ပုံမှန် ကာယအင်အားရှိကြတယ်။ **ကာယစွမ်းရည်ကောင်းသူတွေကတော့ ကျန်းမာထွားကျိုင်း သန်စွမ်းကြတယ်။ သာမန်အနေနဲ့တော့ လူတိုင်းလိုလို ကျန်းမာရေးအသင့်တင့်ရှိပြီး၊ ပုံမှန် ကိုယ်အင်အားရှိပြီး ကောင်းကောင်းမွန်မွန် သွက်သွက်လက်လက် ရှိကြပါတယ်။** နောင်မှာ အားကစားဘက်မှာ ထွန်းကားတဲ့ လူတွေကတော့ အထူးပြောစရာမလိုပါဘူး။

ဉာဏစွမ်းအင်နဲ့ ပတ်သက်လို့လည်း လူငယ်အများမှာ ပုံမှန်အဆင့်ရှိတဲ့ ဉာဏ်ရှိကြပါတယ်။ ခြွင်းချက်အနေနဲ့တော့ မွေးရာပါရောဂါဆေးနာတို့ကြောင့် ဆွံ့အ နားမကြားဖြစ်တဲ့ လူငယ်တွေရှိပါတယ်။ တချို့မှာတော့ ဉာဏ်ထိုင်းလို့၊ တချို့ဆိုရင် စာသင်လို့တောင် မရဘူး။

သနားစရာပါပဲ။ အဲ့ဒီလို လူလူချင်း မတူတာတွေ တွေ့ရတော့ မင်းတို့ရဲ့ စိတ်ထဲမှာ တစ်မျိုးဖြစ်မှာပဲ။ အဲဒီအခါမှာ မင်းတို့ဟာ ကံ–ကံ၏ အကျိုးပေးမတူကြတာ တွေးမိမှာပဲ၊ တွေးရပေလိမ့်မယ်။ ကံရဲ့ အကျိုးပေးမတူတာတွေ တွေ့ရတဲ့အခါမှာ ကံညံ့ရင် ကံကောင်းအောင် ဝိရိယစိုက်ထုတ်ဖို့ သတိရလိမ့်မယ်။ ကံညံ့တာကိုသိပြီး စိတ်ပျက်နေစရာ မလိုဘူး။ လူဆိုတာ အလုပ်လုပ်ဖို့ မွေးလာတာ၊ အလုပ်လုပ်တယ်ဆိုတာ ငယ်စဉ်ကတည်းက အလုပ်လုပ်ရမှာ ဖြစ်တယ်၊ ကံမကောင်းသေးရင် ကံကောင်းအောင် ဝိရိယ အတတ်နိုင်ဆုံး စိုက်ထုတ်ပြီး ကြိုးစားရမယ်။ အဲဒီလိုဆိုရင် ညံ့တဲ့ကံဟာ ကောင်းတန်သလောက် ကောင်းလာမှာ သေချာတယ်။

ကံကောင်းတယ်၊ မကောင်းဘူးဆိုတာ ရှိမှန်းတော့ သိထားရမယ်။ ဒါပေမဲ့ ကံကို အားမကိုးဘဲ ကိုယ်ပိုင်တဲ့ဝိရိယကို အစွမ်းကုန်ထုတ်ပြီး လုပ်ရမယ့်အလုပ်ကို ဇွဲသန်သန်နဲ့ လုပ်ရမယ်။ ကံဆိုတာ ဆိုးတဲ့အခါဆိုး၊ ကောင်းတဲ့အခါ ကောင်းတာပါပဲ။ ကံစီမံရာကို ခံမယ်။ ဒါပေမဲ့ ငါကတော့ အဆိုးထဲက အကောင်းထွက်အောင် ငါပိုင်တဲ့ဉာဏ်နဲ့ ဝိရိယကို စိုက်ထုတ်ပြီး အတတ်နိုင်ဆုံး အကောင်းဆုံး ကြိုးစားမယ်လို့ စိတ်မှာ အမြဲထားပြီး ကြိုးစားကြရမယ်။

အဲဒီသတ္တိဟာ စိတ်စွမ်းအင်ပဲ။ ဉာဏ်စွမ်းအင်ပဲလို့ ဆိုရလိမ့်မယ်။ ဉာဏ်ဆိုတာ စိတ်ဆိုတဲ့ နာမ်ရဲ့ အစိတ်အပိုင်းပဲ။ စိတ်အားထက်သန်ရင် ဉာဏ်ဟာလည်း ထက်သန်လာမှာ သေချာတယ်။ ဉာဏ်ဆိုတာ ဓားလိုပဲ၊ သွေးနိုင်ရင် ထက်လာတာပဲ။ ဝိရိယကို စိုက်ထုတ်ပြီး ဉာဏ်ကို ထက်လာအောင် လုပ်ယူရမယ်။ ဉာဏ်အားနည်းရင် ဝိရိယအားနဲ့ ဖြည့်ယူပါ။ ကောင်းတဲ့အကျိုးရပါလိမ့်မယ်။ ဒါကြောင့် လူကြီးတွေက လူငယ်တွေကို ပြောကြတယ်လေ။ စာမေးပွဲအောင်အောင် ကြိုးစားလို့။

ဉာဏစွမ်းအင်ကို ပြုစုယူရမယ်ဆိုတာ သိကြပါစေ။ ဉာဏ်ကောင်းတယ်ဆိုတဲ့ သူငယ်တွေ ဝိရိယမရှိရင် စာမေးပွဲရှုံးမှာပဲ။ **လူ့ဘဝမှာ ဝိရိယနည်းပြီး ပျင်းရိတွေဝေနေတဲ့လူဟာ ဘယ်တော့မှ လူရာဝင်မှာမဟုတ်ဘူး။ ကံကောင်းလို့ ပစ္စည်းဥစ္စာပေါများတဲ့ မိဘရှိပေမဲ့ မိဘတွေမရှိတော့ ဆင်းရဲတွင်းထဲ ဇောက်ထိုးကျမှာသေချာတယ်။** ဒီစကားပြောတာ ချမ်းသာတဲ့မိဘရဲ့ သားသမီးတချို့ရဲ့ ဖြစ်ထွေကို တွေ့မြင်ရလို့ပြောတာ။ ဆင်းရဲတဲ့ သားသမီးတွေထဲက အတော်များများဟာ လူတော်လူကောင်းဖြစ်ပြီး ကြီးတော့ ကြီးပွားချမ်းသာတယ်။

အဲဒါ ဝိရိယကို အရင်းပြုပြီးရတဲ့ ဉာဏစွမ်းအင်ပဲ။ ဝိရိယဟာ ကိုယ့်ကို အကျိုးထူးပေးမယ့် ပစ္စည်းတစ်ခုပဲဆိုတာ မှတ်ထားပါ။ ကြိုးစားအားထုတ်မှ အားပြည့်မယ်ဆိုတာ သဘောပေါက်ပါစေ။

ကာယဉာဏစွမ်းအင်တွေ ပြည့်ဖြိုးပြီး ကံ–ဉာဏ်–ဝိရိယတို့ ပူးတွဲပေးတဲ့ ကောင်းကျိုး ပေးပါလိမ့်မယ်။

ဒီစွမ်းအင်နှစ်မျိုးကို ရအောင် ကြိုးစားပါ။ ကြိုးစားနိုင်သမျှ ကောင်းကျိုးရလိမ့်မယ်။ စရဏစွမ်းအင်အကြောင်းပြောရမှာ နည်းနည်းစောင့်လိုက်ဦး။ "စရဏ"ဆိုတဲ့ စကားလုံးရဲ့အနက်အဓိပ္ပာယ်ကို မင်းတို့ နားလည်သဘောပေါက်အောင် ရှင်းပြဖို့ လိုတယ်။ စရဏတရားအကြောင်း ပြောစရာတွေ အတော်များများရှိတယ်။

ကာယစွမ်းအင်၊ ဉာဏစွမ်းအင်အကြောင်းကို နားလည်အောင် ဒီဆောင်းပါးကို တစ်ခေါက်မက ဖတ်ပါ။ ဖတ်ပါများရင် နားလည်မှုကို တဖြည်းဖြည်း ရပါလိမ့်မယ်။

❖

အလိမ္မာ စာမှာရှိ

"စွမ်းအင်"ဆိုတဲ့စကားဟာ "အစွမ်းသတ္တိရှိတဲ့အင်အား"ပဲ ဖြစ်တယ်။ အင်အားရှိတိုင်း အစွမ်းသတ္တိ ရှိချင်မှရှိမယ်။ ကိစ္စတစ်ခုခုကို ပြီးစီးဖြစ်မြောက်အောင် လုပ်ဆောင်နိုင်တဲ့ စွမ်းရည်ရှိတဲ့ အင်အားဟာ လူ့ဘဝမှာ အရေးအလွန်ပါတယ်။ ("စွမ်းအင်"ဆိုတာ အင်္ဂလိပ်လို Energy ပါပဲ။)

ကာယစွမ်းအင်နဲ့ ဉာဏစွမ်းအင်တို့အကြောင်း အသင့်အတန်ပြောပြီးပါပြီ။ အဲဒီ စွမ်းအင်တွေရှိရင် လောကီရေးရာမှာ လုပ်ကိုင်ဆောင်ရွက်လို့ ပြီးစီးအောင်မြင်နိုင်ပါတယ်။ ဒီစွမ်းအင်တွေရှိဖို့ မောင်တို့၊ မယ်တို့ ကြိုးစားဆည်းပူးကြပါ။

"စရဏစွမ်းအင်"ဆိုတဲ့စကားမှာ ပထမဦးစွာ "စရဏ" ဆိုတာ ဘာလဲလို့ မေးနိုင်ပါတယ်။ ပါဠိစကားလုံးဖြစ်လို့ အနက်အဓိပ္ပာယ်သိဖို့ လိုပါလိမ့်မယ်။ စရဏဆိုတာ အကျင့်သီလ၊ စာရိတ္တကို ပေါင်းစပ်ထားတာပဲလို့ ပြောရမယ် ထင်ပါတယ်။ (အင်္ဂလိပ်လိုတော့ Morality လို့ ခေါ်တယ်။) အကျင့်နဲ့ စာရိတ္တကို အထူးပြုတယ်လို့

ဆိုရပေမဲ့ တချို့အကျင့်တွေဟာ ဆိုးဆိုး ကောင်းကောင်း စာရိတ္တနဲ့ သိပ်မသက်ဆိုင်ဘူးလို့ ဆိုရလိမ့်မယ်။ အမြဲမပြတ် လုပ်တတ်တဲ့ အလုပ်ကလေးတွေလို့ ဆိုရမယ်။ အဝတ်အစား ဝတ်ဆင်ရေးမှာ သပ်သပ်ရပ်ရပ် မရှိဘဲ ကိုးရိုးကားရား ဝတ်တဲ့အကျင့်၊ အအိပ်ကြီး အစားကြီးတဲ့အကျင့်၊ စနစ်တကျ လုပ်တတ်ကိုင်တတ်တဲ့ အကျင့်၊ ကိုယ်လက်လှုပ်ရှားမှု အမြဲမပြတ် လုပ်တဲ့အကျင့် စတဲ့ လုပ်တတ်တာတွေ အဲဒါတွေဟာ အကျင့်တွေပဲ။ အကျင့်တွေ အမျိုးမျိုးရှိပါတယ်။ ဒါတွေဟာ အန္တရာယ်မရှိပါဘူး။ (အင်္ဂလိပ်လို "အကျင့်"ကို Habit လို့ ခေါ်တယ်။)

"စာရိတ္တ"ဆိုတာက ကိုယ်ကျင့်တရားကို ဆိုလိုတယ်။ (အကျင့်ကို အင်္ဂလိပ်လို Habit၊ စာရိတ္တဆိုတာကတော့ Character လို့ ခေါ်တယ်။ အကျင့်နဲ့ စာရိတ္တကို ပေါင်းစပ်ခေါ်တတ်ကြတယ်။ "စရဏ" ဆိုတာက ကောင်းတာ၊ မှန်တာ၊ တရားတာကိုလုပ်ပြီး မကောင်းတာ၊ မှားတာ၊ မတရားတာကို ပယ်ပြီး ရိုးသားဖြောင့်မတ်စွာ ပြောဆိုပြုမှုကျင့်ကြံတာကို ဆိုလိုတယ်။ (အင်္ဂလိပ်လို Morality လို့ခေါ်တယ်။)

အကျင့်တို့ "စရိုက်"တို့ဆိုတဲ့ စာရိတ္တတို့ကို စောင့်ထိန်းတာက "သီလ"။ သီလရှိမှ လူကောင်းဖြစ်မယ်။ ကောင်းတာတွေလုပ်ဖို့ စောင့်ထိန်းရမယ်။ မကောင်းတာတွေရှောင်ဖို့လည်း စောင့်ထိန်းရမယ်။အဲဒါကြောင့် လူတွေမှာ အမြဲပဲ စောင့်ထိန်းတဲ့ "သီလ" ရှိရမယ်။ အတိုချုပ်မှတ်ဖို့က ကာယကံ၊ ဝစီကံ၊ မနောကံဆိုတဲ့ ကိုယ်နဲ့ လုပ်တဲ့အလုပ်၊ နှုတ်နဲ့လုပ်တဲ့အလုပ်(အပြော)၊ စိတ်နဲ့လုပ်တဲ့အလုပ် (စိတ်ထား သဘောထား)တွေ မှန်ရမယ်။ ဒုစရိုက်ဆိုတဲ့ မကောင်းတဲ့ အလုပ်တွေကို ကိုယ်နဲ့ဖြစ်စေ၊ နှုတ်နဲ့ဖြစ်စေ၊ စိတ်နဲ့ဖြစ်စေ မလုပ်ရဘဲ သတိထားပြီး ရှောင်ကြဉ်ရမယ်။ **မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတဲ့ သတ္တဝါအပေါင်း ချမ်းသာကြပါစေ၊ ဒုက္ခမှကင်းလွတ်ပါစေ၊ ကောင်းစား**

ကြပါစေ၊ ကံအကျိုးပေးတိုင်း ဖြစ်ပါစေဆိုတဲ့ တရားတွေကို ကျင့်သုံးရလိမ့်မယ်။

ဒီလို ပါဠိစကားတွေနဲ့ ပြောတော့ ဘုန်းကြီးတရားဟောသလိုပဲလို့ ဆိုကြလိမ့်မယ်။ တကယ်တော့ တရားဟောတာပဲ။ တရားဟောတာဟာ ကောင်းစေချင်လို့၊ လိမ္မာစေချင်လို့၊ မိုက်မှားမှာ စိုးလို့ပေါ့။ ဒီလို ရှောင်ရန်၊ ဆောင်ရန်တွေဟာ လုပ်ရခက်တာမှ မဟုတ်တာ။ မကောင်းတာ၊ မှားတာ၊ မတရားတာတွေကို လုပ်ရတာ လွယ်ပါတယ်။ အဲဒီလို ဆောင်စရာတွေကို ဆောင်၊ ရှောင်စရာတွေကို ရှောင်တဲ့လူဟာ စာရိတ္တကောင်းတယ် စရဏတရားနဲ့ ညီညွတ်တယ်လို့ ဆိုရပေမယ်။ သူကောင်းအလုပ်ဟာ လုပ်ဖို့ မခက်ပါဘူး။ စေတနာရှိဖို့သာ လိုပါတယ်။

စိတ်ကောင်း စေတနာကောင်းနဲ့ ရိုးရိုးသားသား ကြိုးကြိုးစားစားလုပ်ရင် ဘဝမှာ နေရကျိုးနပ်ပါတယ်။ နေကြည့်စမ်းပါ။ အဲဒီလိုလုပ်ပြီးနေရင် လူတွေက မင်းတို့ကို ခင်မင်လေးစားကြမယ်။ မိုက်မိုက်ကန်းကန်း လုပ်နေရင် လူကောင်းသူကောင်းတွေက မင်းတို့ကို ရှောင်ကြလိမ့်မယ်။ "မိုက်တာ လွယ်ပါတယ်"လို့ ပြောတတ်ကြတယ်။ တကယ်တော့ လိမ္မာတာလည်း လွယ်ပါတယ်။ မိုက်ရင် မိုက်ပြစ်ခံရလိမ့်မယ်။ လိမ္မာရင် အားလုံးက ချစ်ခင်လေးစားကြလိမ့်မယ်။

မိုက်တာ၊ လိမ္မာတာတွေကို လွယ်တယ်၊ ခက်တယ်လို့ ပြောမနေကြနဲ့။ တကယ်ခက်တာက စေတနာကောင်းထားတတ်ဖို့ပါပဲ။

စိတ်ကို သီလဆိုတဲ့ စောင့်ထိန်းခြင်းမရှိရင် မိုက်ဘက်ပါတာများတယ်။ ဒါကြောင့်မို့ စာကောင်းပေကောင်းတွေ များများဖတ်ကြစမ်းပါလို့ ပြောတာ။ စာဖတ်တဲ့ အကျင့်ဝါသနာလုပ်ငန်း Hobbyဖြစ်အောင် ပျိုးထောင်ကြပါ။ စိတ်ရင်းစိတ်ထားကောင်းတဲ့ ပုဂ္ဂိုလ်တွေအကြောင်း

ဖတ်ကြစေချင်တယ်။ နိပါတ်တော်ထဲက ဝတ္ထုတွေ ဖတ်ကြည့်စမ်းပါ။ စိတ်စေတနာကောင်းပြီး သိမ်မွေ့တဲ့ အပြုအမူတွေ၊ သည်းခံခွင့်လွှတ်မှုတွေ တွေ့ရလိမ့်မယ်။ ကမ္ဘာမှာ ထင်ရှားတဲ့ အများကောင်းကျိုးဆောင်တဲ့ ပုဂ္ဂိုလ်တွေရဲ့ အကြောင်းတွေကိုလည်း ကြုံတိုင်းဖတ်ပါ။ ခြုံပြောရရင် **စာကောင်းစာမွန်တွေကို စုံစမ်းရှာဖွေပြီး ဖတ်ကြစမ်းပါ။ အဲဒီစာတွေကို ဖတ်ပါများရင် ကိုယ့်စိတ် မခက်ထန်တော့ဘူး။ မာန်မာနတွေ မရှိတော့ဘူး။ အဲဒီစာတွေဟာ နိုင်ငံတိုင်း၊ လူမျိုးတိုင်းမှာ ရှိတယ်။ ဘာသာမရွေး စိတ်ထားစေတနာကောင်းတဲ့ ပုဂ္ဂိုလ်တွေရှိတယ်။** နောက်တော့ အခိုက်ကြုံတဲ့အခါ ညွှန်ပြနိုင်ပါလိမ့်မယ်။ ကိုယ်နဲ့နီးစပ်တဲ့ ဆရာသမားတွေကို မေးမြန်းစုံစမ်းနိုင်မယ်ဆိုရင် ညွှန်းကြပါလိမ့်မယ်။

ပေါ့ပေါ့တန်တန်စာတွေလည်း အပျင်းပြေဖတ်ပေါ့။ လေးလေးနက်နက် စာတွေမှာ ဘဝအကြောင်းတွေ ပါတယ်။ အဲဒီစာတွေ ဖတ်တဲ့အကျင့် ကြိုးစားလုပ်ကြစမ်းပါ။ အဲဒီတော့မှ စာပေရဲ့ အရသာ တွေ့ကြပါလိမ့်မယ်။ အဲဒီလိုစာမျိုးတွေဆီက စရဏတရား သင်ခန်းစာတွေ ရပါလိမ့်မယ်။

"အလိမ္မာ စာမှာရှိ" ဆိုတဲ့ စကားထဲက "စာ"ဟာ အဲဒီလိုစာမျိုးကို ပြောတာ။

တကယ်လုပ်ရင် အဟုတ်ဖြစ်နိုင်တယ်

"အလုပ်ကောင်းရင် ကံကောင်းမှာပဲ"၊ "တကယ်လုပ်ရင် အဟုတ်ဖြစ်ရမယ်" ဒီစကားတွေဟာ အထူးသဖြင့် လူငယ်တွေကို အားပေးတဲ့ စကားတွေပါပဲ။ ကောင်းပါတယ်။ လူငယ်တွေ အားတက်စေဖို့ပဲပေါ့။

ဒါပေမဲ့ ဒီစကားတွေအကြောင်းကို ပိုသိဖို့ လိုတယ်။ အလုပ်ကောင်းတယ်ဆိုတာ ဘာလဲလို့ ဦးစွာ မေးနိုင်ပါတယ်။ ကောင်းတယ်ဆိုတာ အားလုံးခြုံပြီး ပြောတဲ့စကားပဲ။ ထားလိုက်ပါတော့။ ကောင်းအောင်လုပ်တဲ့ အလုပ်ဟာ အလုပ်ကောင်းပဲပေါ့။ အပြစ်အနာအဆာကင်းအောင် စိတ်ထားကောင်းကောင်းနဲ့ အလုပ်တစ်ခုကြောင့် ကံကောင်းမယ်လို့ ဆိုရတာ မလွယ်ဘူး။ ကောင်းအောင်လုပ်ပေမဲ့ အကြောင်းကြောင်းကြောင့် အကောင်းဖြစ်ချင်မှဖြစ်မယ်။ အဲဒါကိုလည်း သိထားဖို့ လိုတယ်။ ကောင်းအောင်လုပ်ရင် ကံကောင်းမှာပဲလို့ သဘောထားတာ ကောင်းပါတယ်။ ကိုယ့်ဘက်က တာဝန်ကျေပွန်တာပေါ့။ စိတ်ကောင်းစေတနာကောင်းနဲ့ လုပ်ပေမဲ့ ကောင်းကျိုးပေးချင်မှ ပေးတာကိုလည်း

သိထားရလိမ့်မယ်။

"တကယ်လုပ်ရင် အဟုတ်ဖြစ်ရမယ်"ဆိုတဲ့ စကားဟာလည်း အလုပ်တစ်ခုကို အားကြိုးမာန်တက်လုပ်ရင် ရည်ရွယ်ချက်အတိုင်း ဖြစ်ရမယ်ဆိုတာ မှန်တတ်ပါတယ်။ မှန်တာတွေ အများကြီးပါပဲ။ ဒါပေမဲ့ အကြောင်းကြောင်းကြောင့် အဟုတ်မဖြစ်တာမျိုးနဲ့လည်း ကြုံနိုင်တယ်။ တကယ်လုပ်ရမှာက ကိုယ့်တာဝန်၊ အဟုတ်ဖြစ်ရမယ်ဆိုတာ အာမမခံနိုင်ဘူး။ တကယ်လုပ်ပေမဲ့ မဟုတ်တာတွေ ဖြစ်သွားတာတွေလည်း ရှိတယ်။ အဲဒါကို သိထားဖို့လိုပါတယ်။

"အကြောင်းကြောင်းကြောင့်"ဆိုတဲ့ စကားကို ထပ်ကာထပ်ကာ သုံးပါတယ်။ သုံးလည်း သုံးရလိမ့်မယ်။ "ခဲလေသမ္ဘ သဲရေကျ"တာတွေကို ကြုံတွေ့တတ်တယ်။

လူ့ဘဝမှာ ဘယ်အရာကိုမျှ သေချာတယ်လို့ ပြောဖို့ မဖြစ်နိုင်ဘူး။ သာမန်အနေနဲ့တော့ သေချာတာတွေပဲ။ ဒါပေမဲ့ အခုတွင်ကပြောတဲ့ အကြောင်းကြောင်းတွေကြောင့် မသေမချာ မရေမရာဖြစ်သွားတာတွေလည်း ရှိတယ်ဆိုတာ သိထားဖို့ လိုပါတယ်။ မင်းတို့လူငယ်တွေဟာ အတွေ့အကြုံနည်းသေးလို့ အဖြစ်ကိုချည်း သေချာတယ်လို့ ထင်နေမှာ စိုးလို့ပါ။ ထင်တိုင်း မဖြစ်တာတွေ မောင်တို့မယ်တို့ ဘဝခရီးမှာ ကြုံပါလိမ့်မယ်။ အဲဒါ ဘာကြောင့်လဲ၊ "ကံစီမံမှု"ကြောင့်ပဲ။ မျှော်လင့်တဲ့အတိုင်း မဖြစ်တဲ့အခါ မဖြစ်ဘူး။ မမျှော်လင့်ဘဲနဲ့လည်း ဖြစ်တယ်၊ ဖြစ်တယ်ဆိုရာမှာ ကောင်းကျိုးဖြစ်တာတွေရှိသလို မကောင်းကျိုးဖြစ်တာတွေလည်း အများကြီးပဲ။

လူ့ဘဝဆိုတာ မသေချာ မရေရာဘူးဆိုတဲ့ အချက်ကလေးကိုတော့ မှတ်ထားလိုက်ပါ၊ အရေးပါတဲ့အချက်ပဲ။

ဆိုချင်တာကတော့ လူတွေမှာ ဉာဏ်နဲ့ ဝိရိယတို့ ရှိတယ်။

ကံစီမံရာကိုလည်း ခံရမယ်။ မရှောင်သာဘူး။ ဒါပေမဲ့ အကောင်းလုပ်ပါလျက်နဲ့ အဆိုးဖြစ်တဲ့အခါမှာ စိတ်ဓာတ်မကျဖို့ ယခုလို ငယ်ရွယ်ချိန်ကစပြီး အားပျိုးရလိမ့်မယ်။ ရှေ့မှာ ဖော်ပြထားတဲ့ ကာယစွမ်းအင်၊ ဉာဏစွမ်းအင်၊ စရဏစွမ်းအင် ပြည့်ဖြိုးဖို့ ကြိုးစားထားရလိမ့်မယ်။

အဲဒီတော့မှ "လောကဓမ္မ"ဆိုတဲ့ လောကမှာ ဖြစ်မှာ သေချာတဲ့ "လောကခံ"တရားကို ခံနိုင်ဖို့ အသင့်ရှိမယ်။

လောကခံတရား ရှစ်ပါးဆိုတာကို မင်းတို့ သိနှင့်ပြီး ဖြစ်မှာပါ။ အကောင်းအဆိုး ဒွန်တွဲနေတယ်။ ကောင်းတာလေးမျိုး၊ ဆိုးတာလေးမျိုး။ များသောအားဖြင့် တစ်လှည့်စီလာတာပဲ။ တစ်သမတ်တည်း ကောင်းတာ၊ တစ်သမတ်တည်းဆိုးတာတွေလည်း အများကြီးပေါ့။ ဒါပေမဲ့ ပုံမှန်အဆင့်မှာ ရှိတာတွေက များတယ်၊ ဆင်းရဲပေမဲ့ ဉာဏ်တော်တယ်၊ ဝိရိယကောင်းတယ်ဆိုတာရှိလို့ မင်းတို့တစ်တွေဟာ ညံ့တယ်လို့ မတွက်နဲ့။ အကြောင်းအလှည့်မသင့်လို့ ချို့တဲ့တယ်၊ ကျပ်တည်းတယ်ဆိုလည်း အချိန်တန်တော့ အကောင်းဘက်ပြောင်းမှာပါပဲ။ ငယ်ငယ်က ဆင်းရဲတဲ့လူတွေ ချမ်းသာကြတာ၊ ရာထူးအဆင့်မြင့်ကို ရောက်သွားတဲ့ သာဓကတွေ အများကြီးပဲ။

မင်းတို့မှာ ပင်ကိုဉာဏ်နဲ့ ဝိရိယအင်အား ရှိနေပြီမဟုတ်လား။ အဲဒီလိုဆိုရင် မင်းတို့မှာ ကြီးပွားတိုးတက်ဖို့ အလားအလာကောင်းများ ရှိနေပြီပဲ။ အားထုတ်ဖို့သာ လိုတော့တယ်။ လူ့လောကမှာ ထူးချွန်ထင်ရှားဖို့ဟာ လူတိုင်းအဖို့ အလားအလာရှိနေတာပဲ။ ဘယ်တော့မှ လျှော့မတွက်နဲ့။ သွေးလည်း မကြီးနဲ့။ ဘယ်လောက်ပဲ အောင်မြင်ထင်ရှားနေနေ မာန်မာနကို နှိမ်ထားပါ။ ဘဝအခြေအနေ အဆင့်မြင့်လေလေ မာန်မာနကို ချိုးနှိမ်ပြီး အားလုံးအပေါ်မှာ စေတနာမှန်မှန်နဲ့

ဖော်ရွေရည်မွန်စွာ ဆက်ဆံရင် လူချစ်လူခင် ပေါလိမ့်မယ်။ လေးစားကြလိမ့်မယ်။

အဲဒီတော့ မင်းတို့စိတ်မှာ စွဲထားဖို့က "တကယ်လုပ်ရင် အဟုတ်ဖြစ်နိုင်တယ်"လို့ မှတ်သားထားဖို့လိုတယ်။ တကယ်မလုပ်ဘဲ၊ ဉာဏ်လည်းမထုတ် ဝီရိယလည်းမရှိဘဲ လုပ်ရင်တော့ အဟုတ်ဖြစ်ဖို့ ဝေးပြီး မဟုတ်တာပဲ ဖြစ်လိမ့်မယ်။

သူများက အားပေးတာလည်း ကျေးဇူးတင်ရမယ်။ ဒါပေမဲ့ ကိုယ့်ကိုယ်ကိုယ် အားပေးဖို့လိုတယ်။ ဘယ်သူအားပေးပေး မပေးပေး၊ မပေးရုံမကဘူး ဝိုင်းနှိမ်ကြပါစေ၊ အားဆိုတဲ့ရှေ့မှာ ဆိုခဲ့တဲ့ စွမ်းအင်သုံးမျိုးရှိနေရင် အားပေးတာ အားပေးကြပါစေ။ စေတနာနဲ့ ပေးကြတာပဲ။ ဝမ်းသာကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ကိုယ့်အားကိုယ်ကိုးဖို့ကတော့ မင်းတို့ရဲ့ အဓိကပါပဲ။

အပေါင်းအသင်း ကြည့်ပေါင်းပါ

မောင်တို့မယ်တို့ ဆရာကြီးရဲ့ ဆောင်းပါးတွေဖတ်ရတာ ဘယ်လိုနေသလဲ။ ရင်းရင်းနှီးနှီး မေးတာပါ။ ဆရာကြီးက ဆုံးမတယ်ဆိုတာက မင်းတို့ကို အသိတရားပေးဖို့ ရည်ရွယ်တာပါ။ **ဆုံးမရမှာက မိမိကိုယ်ကိုမိမိ ဆုံးမစေချင်လို့ပါ။** ဟိုအလှမ်းမဝေးလှသေးတဲ့ ခေတ်မှာ ကိုယ့်ကိုယ်ကိုယ်ဝေဖန်မှုနဲ့ ပတ်သက်လို့ လူကြီးတွေက သတိပေး တိုက်တွန်းခဲ့ကြတယ်။

အဲဒါ အခုဆရာကြီးက ထပ်ပြီး သတိပေးချင်ပါတယ်။ ကိုယ့်ကိုယ်ကိုယ်ပဲ ဆုံးမရမယ်။ တစ်နည်းဆိုရင် ဝေဖန်ရမယ်။ ဝေဖန်တယ်ဆိုတဲ့စကားကို တချို့က အဓိပ္ပာယ်အကောက်မှားနေတယ်။ **ဝေဖန်တာ အပြစ်ဖို့တာ မဟုတ်ပါဘူး။ "ဝေဖန်တယ်"ဆိုတဲ့ စကားနောက်မှာ "ပိုင်းခြား"တယ်ဆိုတဲ့ စကားပါတယ်။ ဝေဖန်တာဟာ အကောင်းအဆိုး ပိုင်းခြားသိမြင်ဖို့ လုပ်ရတာပါ။ အသားလွတ်အပြစ်ဆိုတာ မဟုတ်ပါဘူး။**

ဘာမဆို အကောင်းလည်းရှိတယ်။ အဆိုးအညံ့လည်း ရှိတယ်။

အကောင်းချည်းလည်း ရှိတယ်။ အဆိုးချည်းလည်း ရှိတယ်။ အဲဒါတွေကို ဝေဖန်ပိုင်းခြားပြီး ကောင်းတာတွေ ဆက်ပြီးလုပ်၊ မကောင်းတာတွေကို ရှောင် လုပ်မိရင်လည်း ချက်ချင်းပယ်လိုက် ဖြတ်လိုက်။ အဲဒါဟာ မိမိကိုယ်မိမိ ဝေဖန်ခြင်းပါပဲ။

လူကြီးမိဘ ဆရာသမားတို့က အဆိုးအကောင်းကို တတ်အားသမျှ ခွဲခြားပြတာဟာ အဆိုးကိုပယ်ပြီး အကောင်းကို လုပ်ဖို့ တိုက်တွန်းကြတာပါပဲ။ အဲဒါက ဆုံးမခြင်းဖြစ်တယ်။ လူတိုင်းမှာ အစစအရာရာ အကောင်းချည်းပဲ၊ လူဆိုရင် အားလုံးပြည့်စုံတယ်လို့ အတိအကျဆိုရင် မှားမယ်။ အကောင်းများများ လုပ်သူတွေ၊ လူကောင်းသူကောင်းတွေ သူတို့မှာလည်း ချို့ယွင်းချက်ကလေးတွေ ရှိနိုင်တာပဲ။ ပုထုဇဉ်လူသားပဲ မဟုတ်လား။ ဒါပေမဲ့ လူကောင်းသူကောင်းတွေဟာ အမှားမပြုမိအောင် သတိအမြဲထားတယ်။ အဲဒီလို သတိထားပါမှ တော်ကာကျမယ်။

စိတ်ဆိုတာ ဖောက်ပြန်တတ်တယ်။ လူသားမှန်သမျှ ကိုယ့်ကိုယ်ကိုယ် ဝေဖန်ခိုင်းရလိမ့်မယ်။ သူများမျက်ချေးကိုသာမြင်ပြီး ကိုယ့်မျက်ချေး မမြင်တာတွေလည်း အများကြီးပဲ။ ကိုယ့်ကိုယ်ကိုယ် ကိုယ်ပဲ ဝေဖန်ဖို့ သတ္တိမွေးရမယ်။ သူများတွေရဲ့အပြစ်ကို မြင်တတ်ကြတယ်။ ကိုယ့်အပြစ်ကို မြင်လည်း ဆင်ခြေဆင်လက်တွေပြပြီး ဖုံးကွယ်တတ်တယ်။ အင်္ဂလိပ်ဆိုရိုးစကားတစ်ခုကို သတိရမိတယ်။ The greatest lier are spoken in silence တဲ့။ **"အကြီးမားဆုံး မုသားစကားတွေကို အသံတိတ်ပြောကြတယ်" တဲ့။** ဆိုလိုတာကတော့ ကိုယ့်ဘက်ကျတော့ အပြစ်ကို မုသာဝါဒနဲ့ ဖုံးဖိကြတယ်။ သူများအပြစ်တွေကိုသာ အသံထွက်ပြီး ဝေဖန်ပြစ်တင်ကြတယ်။ အဲဒါ စဉ်းစားကြည့်ပါ။ မင်းတို့ ငါတို့တစ်တွေဟာ ကိုယ့်ဘက်ကိုတော့ သာသာထိုးထိုး သဘောထား

ကြတယ်။ ကိုယ့်အပြစ်ကို ကိုယ်တတ်နိုင်သလောက် ကြိုးစားပြီး ဖုံးတတ်တယ်။ အဲဒီလို ကိုယ့်ကိုယ်ကိုယ်လိမ်တာ မဖြစ်ရအောင် မိမိကိုယ်မိမိ ဝေဖန်ဖို့ တိုက်တွန်းကြတာပေါ့။

သစ္စာဆိုတာ အမှန်တရား၊ သစ္စာဖောက်တယ်ဆိုတာ အမှန်တရားကိုမကျင့်သုံးဘဲ ဖောက်ပြန်တာကို ဆိုလိုတယ်။ ဒါကြောင့်မို့ ကိုယ့်ကိုယ်ကိုယ် သစ္စာမဖောက်နဲ့။ မိမိကိုယ်ကို မိမိ အမှန်အတိုင်း မြင်တတ်ဖို့လိုပါတယ်။ မိမိအပေါ် မိမိ သစ္စာရှိရမယ်။ (Be true to yourself) လို့ ဆိုတာပါပဲ။ မိမိမှာ အမှားတွေ့ရင်၊ အပြစ်တွေ့ရင်၊ ထောက်ပြတယ်ဆိုရင် စေတနာမှန်နဲ့ ဝေဖန်တာဖြစ်လို့ ကျေးဇူးတင်ရမယ်။ ဆုံးမတယ်ဆိုတာ အဲဒါပါပဲ။ သတိပေးတယ်၊ အမှားကို ထောက်ပြတယ်၊ အမှန်ကို ညွှန်းတယ်။ အဲဒီလိုလုပ်ရာမှာ လုပ်တဲ့လူမှာ မှန်တဲ့ စေတနာရှိရမယ်။ အပြစ်ဖို့ပြီး တိုက်ခိုက်တာ၊ နှိမ်တာ၊ မတရားစွပ်စွဲတာတွေကိုတော့ လက်မခံနဲ့။ ရှောင်သွားပါ။ ရန်တော့ မဖြစ်ပါနဲ့။

ရန်ဖြစ်ရင် နှစ်ဦးနှစ်ဖက်လုံး လွန်ရာကျမယ်။ သူ့ဘက်က လွန်ကျူးတာကို တတ်နိုင်သမျှ ရှောင်ပါ။ ပြန်ပြီး ရန်လုပ်ရင် သူ့အပြစ်ကို မျှယူတာနဲ့ တူနေလိမ့်မယ်။ သူ့ရဲ့ ရိုင်းပျစော်ကားခြင်းကို ကိုယ်က ရည်မွန်မှုနဲ့ တုံ့ပြန်ပါ။ အဲဒါမှ အဖိုးတန်တဲ့ အနိုင် ရပါလိမ့်မယ်။

လူငယ်တွေမှာ အပေါင်းအသင်းကောင်းတွေနဲ့ တွဲရတယ်။ ဆိုးသွမ်းတဲ့လူငယ်တွေကို ရှောင်ပါ။ လိမ်လိမ်မာမာ ရှောင်ပါ။ ဘယ်သူတွေ ဘယ်လောက်ပဲ တရားပျက်၊ အကျင့်ပျက်စေဦးတော့ ငါတော့ အကျင့်အပျက်မခံနိုင်ဘူးလို့ သဘောထားပါ။ အပေါင်းအသင်းကောင်းတွေ ရှိပါတယ်။ ကိုယ်က ကောင်းနေရင် ကောင်းတဲ့သူငယ်ချင်းတွေ့ ရမှာပါ။ ဗုဒ္ဓမြတ်စွာအား လူ့ကျင့်ဝတ်တွေနဲ့ ပတ်သက်တဲ့ တရားဟောဖို့

အညတရ နတ်သားယောင်ဆောင်တဲ့ သိကြားမင်းက လျှောက်ထားတော့ မြတ်စွာဘုရားက "ဥစ–ဖြာ မင်္ဂလာ"တရားတော်ကို ဟောကြားတော်မူတယ်။ အဲဒီ မင်္ဂလသုတ်တရားတော်မှာ အရေးပါဆုံးအချက်ကို ရှေ့ဆုံးတင်ပြီး ဟောတယ်။ "လူမိုက်နဲ့ မပေါင်းနဲ့၊ လူလိမ္မာကို ချဉ်းကပ်ပါ"လို့ ဟောတော်မူတယ်။ **လူသားတို့မှာ အပေါင်းအသင်းဟာ အတော်အရေးပါတဲ့အဓိပ္ပာယ်။ မင်းတို့လူငယ်တွေ အပေါင်းအသင်းမှားမှာ စိုးရတယ်။ အပေါင်းအသင်း သူငယ်ချင်း မိတ်ဆွေတွေကို ကြည့်ပေါင်းကြပါ။ ဒါမှ မိမိတို့အချင်းချင်း လမ်းမှားမလိုက်မိအောင် သတိပေးထိန်းသိမ်းသွားမှာပေါ့။ လူတစ်ယောက် အကြောင်းကို သိချင်ရင် သူ့အပေါင်းအသင်းတွေကို ကြည့်လိုက်ရင် သိနိုင်ပါတယ်။**

ကိုယ်နဲ့ ဝါသနာတူတဲ့ လူကောင်းကလေးတွေနဲ့ ရင်းရင်းနှီးနှီး ပေါင်းသင်းရင်းမှာပဲ ကိုယ်နဲ့ စရိုက်မတူသူတွေကိုလည်း ဖော်ဖော်ရွေရွေ ပေါင်းသင်းသင့်ပါတယ်။ ဒါမှပဲ သူတို့ရဲ့ အတိုက်အခံ အန္တရာယ်နဲ့ ကင်းမယ်။ ဆိုလိုတာက အားလုံးနဲ့သင့်အောင် ပေါင်းကြပါ။ ကိုယ်ပေါင်းစိတ်ခွာ သဘောမျိုးမျှော်။ ကိုယ်နဲ့ အဆက်တည့်မယ့် သူတွေကိုတော့ ဝါသနာတူ လုပ်ငန်းများကို လုပ်ပါ။ ဝါသနာတွေထဲမှာ အကောင်းဆုံးကတော့ စာဖတ်ခြင်းဝါသနာပါပဲ။ **အားကစားမှာ ဝါသနာရှိနေရင် အားကစားကိုလုပ်ပါ။ ဒါပေမဲ့ စာကြည့်တဲ့ဝါသနာကိုလည်း ပျိုးထောင်ပြုစုစေချင်ပါတယ်။** "အလိမ္မာစာမှာရှိ"ဆိုတဲ့ စကားကို ကြားဖူးမှာပေါ့။ စာကောင်းစာမွန်တွေကို ဖတ်ရှုလေ့လာရင် အလိမ္မာတိုးပါလိမ့်မယ်။ စာဖတ်ဖို့ကိစ္စကို နောက်တော့ ပြောပြပါဦးမယ်။

ရည်မှန်မှု ပြုစုပါ

"အပေါင်းအသင်း ကြည့်ပေါင်း"လို့ မိဘတို့က သတိပေးတတ်တယ်။ စိုးရိမ်လို့ သတိပေးတာ။ အသက်အရွယ်က ကျောင်းသွားရတဲ့အရွယ်ဖြစ်လို့ နေ့စဉ်လိုလို အိမ်ကထွက်ပြီး ကျောင်းတက်ရတော့ ကျောင်းနေဖက်တွေ သူငယ်ချင်းဖြစ်ကြရတယ်။ အဲဒီအခါမှာ မွေးကတည်းက အိမ်မှာနေပြီး မိဘရဲ့ မျက်စိအောက်မှာနေရာက ကျောင်းရောက်သွားတော့ သူငယ်ချင်းတွေ ဖြစ်လာကြတယ်။ ဒါ ဓမ္မတာပဲ။

ကျောင်းမရောက်ခင်မှာလည်း အိမ်နီးချင်း သက်တူရွယ်တူတွေနဲ့ သူငယ်ချင်းဖြစ်တာတွေလည်း ရှိတယ်။ သူငယ်ချင်းချင်း ရင်းနှီးကြလို့ "သူငယ်ချင်း"လို့ ခေါ်ကြတာပဲ။ သူငယ်ချင်းချင်း ခင်မင်ရင်းနှီးတာဟာ ကိုယ့်ညီအစ်ကို မောင်နှမတွေထက်တောင် ပိုတတ်သေးတယ်။ လူဆိုတာ မွေးခါစက ကလေးသူငယ်အဖြစ်ရောက်တဲ့အထိ မိသားစုနဲ့ အတူနေရတယ်။ ကစားတတ်တဲ့အရွယ်ဆိုရင် အိမ်နီးချင်း သက်တူရွယ်တူတွေနဲ့ ကစားကြပြီး ခင်မင်ရင်းနှီးကြတယ်။ ကျောင်းသွား

တဲ့ အရွယ်ကျပြန်တော့လည်း ကျောင်းနေဖက် သူငယ်ချင်းတွေနဲ့ ရင်းနှီးကြရတယ်။ အဲဒါဟာ လူ့သဘာဝ တစ်ခုပဲ။ လူဆိုတာ တစ်ဦးတည်း၊ တစ်ယောက်တည်း မနေသာဘူး။ အရွယ်အဆင့်ဆင့်မှ မိတ်ဆွေသူငယ်ချင်းတွေ ရှိကြတယ်။

အဲဒီလို ဆက်ဆံပေါင်းသင်းမှုဟာ ဘဝရဲ့ ပထမဆုံး အတွေ့အကြုံပဲ။ "ဘဝသင်ခန်းစာ"တွေ စရတဲ့ အချိန်ကာလပဲ။ ရွယ်တူတွေကတော့ အများကြီးပေါ့။ ဒါပေမဲ့ အပေါင်းအသင်းအဖြစ်နဲ့တော့ ဝါသနာတူ၊ စရိုက်တူတွေ အလိုလိုနီးစပ် ရင်းနှီးလာကြတယ်။ အနေနီးလို့ ရင်းနှီးတာလည်း ရှိတယ်။ စိတ်ချင်းနီးစပ်လို့၊ ဝါသနာချင်းတူလို့ ခင်မင်တာလည်း ရှိတယ်။ လူတိုင်းလိုလိုပါပဲ။ ငယ်သူငယ်ချင်းတွေ၊ ကျောင်းနေဖက် သူငယ်ချင်းတွေ ရှိကြတာပဲ။ အပေါင်းအသင်းနဲ့ နေရမှ လူ့ဘဝ အနေအထားမှန်တယ်။ အပေါင်းအသင်းမရှိပြန်ရင်လည်း အထီးကျန်နေရလို့ စိတ်ဓာတ်တစ်မျိုးဖြစ်သွားတတ်တယ်။ စိတ်နေစိတ်ထားတစ်မျိုးဖြစ်နေလို့ လူတောထဲမှာ မဝင်ဆံ့ဖြစ်တတ်တယ်။

ပေါင်းသင်းဆက်ဆံရေးဟာ လူတို့ရဲ့ အဓိက အရေးတွေထဲမှာ ရှေ့တန်းကပါတယ်။ အပေါင်းသင်းဆံ့ဖို့ လိုတယ်လို့ ပြောကြတယ်။ မှန်တာပေါ့။ တစ်သက်လုံးမှာ လူအမျိုးမျိုးနဲ့ ကြုံတွေ့ရမယ်။ ဆက်ဆံရမယ်။ လူ့ကိစ္စ အရပ်ရပ်မှာ သက်ဆိုင်သူတို့နဲ့ တွေ့ဆုံရမယ်။ ပြောဆိုပြုမူဖို့ လိုတယ်။ **လူအမျိုးမျိုးဆိုတာ သူတို့ရဲ့ ဘဝအခြေအနေ အမျိုးမျိုး၊ သူတို့ရဲ့ သဘောထားအမျိုးမျိုး၊ သူတို့ရဲ့ ဆက်ဆံမှုလည်း အမျိုးမျိုး၊ အဲဒီ အမျိုးမျိုးတွေနဲ့ လိုက်လျောညီထွေ အဆင်ပြေအောင် ဆက်ဆံဖို့လိုတယ်။**

ငယ်ရာက ကြီးလာတဲ့အခါ လူ့အဖွဲ့အစည်းမှာ လူတစ်လုံး သူတစ်လုံး ဖြစ်လာတဲ့အခါမှာ လူအမျိုးမျိုးနဲ့ ဆက်ဆံတတ်ဖို့ လိုတယ်။

ဆက်ဆံရမယ့် လူတွေမှာ စိတ်အမျိုးမျိုး၊ စရိုက်အမျိုးမျိုး၊ သဘောထား အမျိုးမျိုး၊ အဲဒါတွေနဲ့ ဆက်ဆံရာမှာ "လိုက်လျောညီထွေ ကျင့်တတ်စေ" ဆိုတဲ့ ပညာရှိတို့ရဲ့ ဆုံးမစကားကို သတိပြုရလိမ့်မယ်။ လိုက်လျော ညီထွေ ကျင့်တတ်ဖို့ အရေးဟာလည်း မလွယ်ပါဘူး။ အဲဒီ "ဆက်ဆံ မှုပညာ"ဆိုပါတော့။ အဲဒီ ပညာကိုတတ်ဖို့ ကြိုးစားဖို့လိုတယ်။ တိုးတက် ကြီးပွားရေးလမ်းစဉ်မှာ ဒီပညာ အထူးလိုအပ်ပါတယ်။

ရှေးဆိုရိုးစကားတစ်ခု ပြောရဦးမယ်။ "ကိုယ်ပေါင်းစိတ် ခွာ၊ စိတ်ပေါင်းကိုယ်ခွာ" လုပ်ရမယ်တဲ့။ အဲဒီစကားက လူတွေကို သူတို့စရိုက်သဘာဝနဲ့ လိုက်လျောညီထွေ ပေါင်းတတ်စေဖို့ လမ်း ညွှန်တာပဲ။ ရင်းရင်းနှီးနှီး ပေါင်းသင်းဆက်ဆံသင့်သူတွေကို ရင်းနှီးစွာ ပေါင်းသင်းဆက်ဆံပါ။ ရင်းနှီးစွာ မပေါင်းသင်းထိုက် မပေါင်းသင်းအပ်သူတွေကိုလည်း အလိုက်အထိုက် ရည်မွန်စွာ ဆက်ဆံပါ။ အဲဒီဟာ 'နီတိ'စကားပဲ။ 'နီတိ' ဆိုတာ 'လမ်းညွှန်'ပါပဲ။

သာမန်နဲ့ အထူးဆိုသလိုပါပဲ။ မိတ်ဆွေ အပေါင်းအသင်းတို့နဲ့ လိုက်လျောညီညီ ဆက်ဆံတတ်မှ 'ရည်မွန်တဲ့လူ' ဖြစ်မှာပါ။ ရည်မွန်မှု ပြုနိုင်အောင် မိမိကိုယ်ကိုမိမိ ပြုပြင်ရမယ်။ ဘယ်အကြောင်း ဘယ်ကိစ္စ မှာမဆို တစ်ဖက်သတ်အမြင်ကို ရှောင်ပါ။

တစ်ဖက်သတ်သမားကြားထဲမှာ ကိုယ်က အလယ်မှာနေပြီး နှစ်ဖက်စလုံးကို ကြည့်ရှုလေ့လာပါ။ လေ့လာရာမှာ ဘက်မလိုက်တဲ့ သဘောထားကို မွေးမြူပြုစုထားဖို့ လိုပါတယ်။ ကြိုတင် ဆုံးဖြတ်မှုဆိုတဲ့ Prejudice မရှိစေရပါ။ 'ပွင့်လင်းတဲ့ စိတ်' Open Mind ကို အရင်းခံပြီး လေ့လာပါ။ နှစ်ဖက်လုံးမှာ အားသာချက်၊ အားနည်းချက်တွေရှိမှာပါ။ ပြီးတော့ စိတ်ရင်းသဘောထားတွေကို သေသေချာချာ လေ့လာဖို့လိုပါ တယ်။ ဒါမှ ကိုယ့်မှာ အမြင်မှန်ရရှိပါလိမ့်မယ်။ ကိုယ့်မှာ သြဇာရှိတယ်

လို့ မထင်လိုက်ပါနဲ့။ နှစ်ဖက်လုံးမှာ အတ္တစွဲတွေရှိနိုင်တယ်။ အတ္တစွဲမရှိဘဲ နှစ်ဖက်မြင်တော့မှ ကိုယ်ပိုင်ဉာဏ်နဲ့ အမှားအမှန် ခွဲခြားသိမြင်နိုင်မှာပါ။ အဲဒီလို သိမြင်တဲ့အခါမှာ အမှားဘက်ကို အပြစ်မဆိုပါနဲ့။ တကယ်တော့ ဘယ်သူ့ကိုမှ အပြစ်မဆိုနှင့်။ အမှားဘက်မှ ခပ်ခွာခွာရပ်တည်ပါ။ အမှန်ဘက်ကိုတော့ စိတ်ပေါင်းကိုယ်ခွာ သဘောမျိုးသုံးရမလို ဖြစ်နေတယ်။ 'ဘက်တော်သား' အဖြစ် မခံသင့်ပါ။ သို့သော် အမှန်ဘက်နဲ့ ပိုရင်းနှီးတဲ့ အနေမျိုးရှိပါစေ။

အမှားဘက်က ရိုးသားစွာ မှားတာလား၊ ဒါမှမဟုတ် မာန်မာနကြီးပြီး တစ်ယူသန်ဖြစ်နေတာလား။ အမှားကို ရင်းနှီးဖော်ရွေစွာ ဖြေရှင်းဖျောင်းဖျပေးလို့ ရနိုင်မလား။ အဲဒီလို စဉ်းစားဆင်ခြင်ဖို့ လိုပါတယ်။ အမှားဘက်က မိုက်မိုက်ကန်းကန်း ပြုမူနေရင် ထိပ်တိုက်မဖြစ်စေဘဲ အသာတကြည် လက်ခံလာအောင် ကြိုးစားနိုင်ရင်လည်း ကြိုးစားပါ။ ဒါမှမဟုတ်ဘဲ စေတနာကောင်းနဲ့ ပြုပြင်လို့မရရင်၊ ရမှာမဟုတ်ဘူးလို့ သိရင် တဖြည်းဖြည်း ဝေးအောင်ရှောင်ပါ။ တကယ်တော့ ပဋ္ဌိပက္ခမှုဟာ ကောင်းကျိုးမပေးပါ။

ကဲ ... မင်းတို့တစ်တွေ လူ့အကြောင်းကို စိတ်ဝင်စားစွာ လေ့လာကြစေချင်ပါတယ်။ လူမှုရေးအထွေထွေမှာ အဆင်မပြေကြလို့ လူ့လောကတစ်ဝန်းမှာ အတိုက်အခံအမျိုးမျိုးဖြစ်၊ ဆိုးကျိုးတွေအများကြီး ဖြစ်နေကြတယ်လေ။

ခေတ်ရေစီးကြောင်း

အခု လူငယ်တချို့ဟာ စာဟောင်းကို သူတို့နဲ့ မဆိုင်သလို သဘောထားကြတယ်။ စာဟောင်းတွေပဲလို့ ဆိုကြတယ်။ အခုလို တိုးတက်နေတဲ့ ခေတ်ကြီးမှာ ရှေးခေတ်ဟောင်းကို လေ့လာနေရင် ခေတ်မမီဖြစ်တော့မှာပဲလို့ ထင်ကြတယ်။

အဲဒီ အတွေးအခေါ် အထင်အမြင်ဟာ မှားတယ်။ ရှေးခေတ်ဟာ အခုခေတ်ရဲ့ မိဘပဲလို့ ဆိုနိုင်တယ်။ ရှေးခေတ်နဲ့ အခုခေတ် မတူတာတွေ အများကြီးပဲ။ ခေတ်အလျောက် အနေအထိုင်တွေ၊ အတွေးအခေါ် အထင်အမြင်တွေလည်း ပြောင်းလဲတယ်။ ဒါပေမဲ့ ရှေးဟောင်းက ပညာတွေကို လွှင့်ပစ်လိုက်ဖို့တော့ မသင့်ဘူး။ ရှေးခေတ်က 'ပညာ'ဆိုတာ ရှေးခေတ်လူများဟာ သူတို့ အတွေ့အကြုံ၊ အတွေးအမြင်တွေကို အကြောင်းခံပြီးဆိုကြတဲ့ 'ဆိုရိုးစကား'တွေမှာ ဘဝ အသိပညာပါတယ်။

အကြောင်းသင့်လို့ ပြောလိုက်ရဦးမယ်။ ၂၀ ရာစုနှစ်အစကာလ မှာ ကမ္ဘာစစ်ကြီးဖြစ်ခဲ့တယ်။ စစ်ကြီးဖြစ်ပြီးနောက်မှာ ရုရှားနိုင်ငံမှာ

တော်လှန်ရေးကြီးဖြစ်ပြီး ကွန်မြူနစ်ဝါဒ ထွန်းကားလာတယ်။ အဲဒီအခါမှာ အဲဒီခေတ်ရဲ့ လူငယ်လူရွယ်တို့ ခေတ်ဟောင်းကို လုံးဝပယ်ချင်ကြတယ်။ ရှေးခေတ် စာပေအတွေးအခေါ် အမူအကျင့်တွေဟာ မကောင်းဘူး။ ခေတ်သစ်နဲ့ မသင့်တော်ဘူး။ အားလုံးဟာ ခေတ်ကို လုံးဝပစ်ပယ်ရမယ်။ ပညာသင်ရာမှာ ရှေးခေတ်က စာပေတွေကို ဖယ်ပစ်ရမယ်။ ခေတ်နောက်ပြန် မဆွဲရဘူးလို့ ဆိုကြတယ်။ အဲဒီလို ခေတ်ဟောင်းက ဟာတွေ မှန်သမျှပစ်လိုက်ရမယ်ဆိုတဲ့ အယူအဆကို ကွန်မြူနစ်ဝါဒ ခေါင်းဆောင်တစ်ဦးက ပညာရေးနဲ့ပတ်သက်ပြီး ဒီလိုဆိုတယ်။ "အခုခေတ်လူငယ်တွေက ပညာသင်ရာမှာ ရှေးစာတွေပယ်ပြီး အခုခေတ် လတ်တလောချင်း အဖြစ်အပျက်ကိုသာ လေ့လာရမယ်လို့ ဆိုကြတယ်။ ဒီလိုဆိုရင် ရှေးခေတ်က စာပေတွေကိုပယ်ပြီး လတ်တလောချင်း အဖြစ်အပျက်တွေသာ လေ့လာရမယ်ဆိုပြီး ခေတ်ပေါ်သတင်းစာတွေကို ပြဋ္ဌာန်းစာအုပ်အဖြစ် သုံးရမှာလား။ ရှေးခေတ်က စာတွေထဲမှာ ခေတ်အဆက်ဆက် ကျော်ဖြတ်လာခဲ့တာတွေ ရှိတယ်။ ရှေးခေတ်က ပညာတွေဟာ ခေတ်အဆက်ဆက်မှာ အစိစစ်ခံနိုင်တဲ့ အစိတ်အပိုင်းတွေရှိတယ်။ အဲဒီပညာတွေကိုပယ်ရင် အခုခေတ်မှာ ပညာအဆောက်အအုံရှိတော့မှာ မဟုတ်ဘူး" စသဖြင့် ဆိုထားတာကို ဖတ်လိုက်ရပါတယ်။

ရှေးခေတ်က ပညာတွေဟာ လက်တွေ့ကရတဲ့ အသိတွေ၊ လေးလေးနက်နက် တွေးခေါ်ယူဆစစ်ဆေးပြီး ခံယူလို့ရတဲ့ အသိတွေကို ပယ်ရင် ဘာမျှကျန်တော့မှာ မဟုတ်ဘူးလို့ ဆိုလိုတာပဲ။ ခေတ်တိုင်းမှာ တန်ဖိုးရှိတဲ့ အသိတွေ၊ အတတ်တွေ၊ အယူအဆတွေ ရှိတာပဲ။ တန်ဖိုးမည်မည်ရရ မရှိလှတဲ့ အခိုက်ကြဲလို့ သိလိုက်ရတာတွေကလည်း အများကြီးပေါ့။ ခေတ်ဟောင်းက ခေတ်သစ်ကို မွေးထုတ်လိုက်တာ၊ မိဘက

သားသမီးတွေကို မွေးထုတ်လိုက်သလိုပါပဲ။ မိဘတွေရဲ့ အဆုံးအမခံယူပြီး ခေတ်သစ်က လူတွေဟာ အတွေ့အကြုံတွေ၊ အသိအတတ်တွေ ဆက်လက်ဆည်းပူးရတယ်။ လူ့သမိုင်းစဉ်ဟာ ပြတ်သွားရင် လူမျိုးပျောက်သွားနိုင်တယ်။ လူ့သမိုင်းမှာ ရှေးလူတွေရဲ့ အတွေ့အကြုံ၊ အတွေးအမြင် ခံယူချက်၊ ယုံကြည်ချက်တွေထဲက ပညာသားပါတာတွေဟာ နောင်းလူတွေအတွက် အဖိုးမဖြတ်နိုင်အောင်တန်တဲ့ ဥစ္စာတွေပဲ၊ အမွေတွေပါပဲ။ အဲဒီ အမွေတွေကို ခံယူဖို့ ငယ်စဉ်မှာ ပညာရှာကြရတယ်။

ဘာမဆို ဟောင်းတိုင်းလည်း မကောင်းမဟုတ်ဘူး။ သစ်တိုင်းလည်း အကောင်းမဟုတ်ဘူး။ ခေတ်က စိစစ်ပေးတယ်။ ဒါ့ကြောင့် အရာမရောက်တာတွေဟာ ကြာရှည်မခံဘူး မဟုတ်လား။ ကောင်းတယ်ဆိုတာ ခဏတာကလေးမှာ ခေတ်စားတာကို ဆိုလိုတာမဟုတ်ဘူး။ အမှန်တရားကို အရင်းခံတဲ့ အကြောင်းခြင်းရာတွေသာ ဖြစ်တယ်။ ခေတ်တိုင်းမှာ စာပေတွေ၊ အနုပညာတွေ၊ ခံယူချက်၊ ယုံကြည်ချက်တွေ အများကြီးပေါ်လာတာပဲ။ ဒါပေမဲ့ အများစုဟာ 'ပေါ်ပင်'တွေပဲဖြစ်တယ်။ ကြာရှည်မခံဘူး။ အလိုလိုပျောက်သွားတာပဲ။ ခေတ်အဆက်ဆက်က နောက်တစ်ခေတ်ကို ကူးပြောင်းတဲ့အခါမှာ 'ရိုးရာပညာ'တွေကို မပစ်ပယ်သင့်ဘူး။ ပစ်ပယ်ရင် အမွေကောင်းတွေကို လွှင့်ပစ်လိုက်သလို ဖြစ်မယ်။

အခုခေတ်မှာ အသစ်တွေ၊ အဆန်းတွေ ပေါ်တယ်ဆိုတာ မဆန်းပါဘူး။ အရင်ခေတ်တွေတုန်းကလည်း ခေတ်အလျောက် သစ်တာ ဆန်းတာတွေရှိခဲ့တာပဲ။ အသစ်အဆန်းတွေကို ခေတ်က စိစစ်တယ်။ ခေတ်လူတွေက သုံးကြည့်ကြတယ်။ နောက်တော့ ကြာရှည်ခံတာတွေ ကျန်ခဲ့တယ်။ မခံတာတွေဟာ အထူးဂရုစိုက်ပြီး လွှင့်ပစ်စရာမလိုပါဘူး။ သူတို့ဘာသာ သူတို့ ပျောက်သွားတာပါပဲ။ "သခ်ါရ"ဆိုတဲ့ အပြောင်း

အလဲဆိုတာ အရင်းခံ အမှန်တရားပါပဲ။ အချိန်တန်တော့ 'လေနဲ့အတူ ပါသွားတာပါပဲ' Gone with the wind ပါပဲ။

အရင်းခံ အမှန်တရားတွေဟာ ကာလမရွေး မှန်နေကြတာချည်းပါပဲ။ အဲဒီအမှန်တရားဟာ စာပေမှာရှိတယ်။ ဆိုရိုးစကားတွေမှာ ရှိတတ်တယ်။ ခေတ်အခြေအနေအရ အသွင်သဏ္ဌာန်ပြောင်းတာ ရှိတယ်။ အတွင်းခံ အမှန်တရားကတော့ ရှိနေတာပါပဲ။

လူငယ်လူရွယ်တွေကို မှာကြားချင်တာကတော့ 'ခေတ်ရေစီးကြောင်းထဲ မျောပါမသွားကြပါနဲ့။ ရေစီးအတိုက်ခံကြပါ။ ဒါပေမဲ့ အောက်ခြေမလွတ်ကြပါနဲ့'။

ခေတ်မီသူ ဖြစ်ပါစေ

လူငယ်တွေ အောက်ခြေခိုင်ဖို့လိုပါတယ်။ ခေတ်ရေစီးကြောင်းကတော့ အမြဲစီးနေမှာပဲ။ အဲဒီရေစီးကြောင်းကို အတိုက်ခံနိုင်အောင် အောက်ခြေခိုင်ရလိမ့်မယ်။ ဘယ်လိုလုပ်မလဲ။

အောက်ခြေမလွတ်ဖို့ကတော့ အမြဲတမ်း တွေ့သမျှ ကြုံသမျှ အကြောင်းခြင်းရာတွေ၊ ကြားသမျှ ဖတ်မိသမျှတွေကို ပေါ့ပေါ့တန်တန် သဘောမထားဘဲ စိစစ်ကြည့်ရမယ်။ စိစစ်ပြီးတော့ ခွဲခြားဝေဖန်ရမယ်။ မှုမှန်မမှန်၊ အကောင်းအဆိုး၊ တရား မတရား ပိုင်းခြားသိမြင်အောင် ကြိုးစားရမယ်။ အဲဒီအတွက် စာကောင်းတွေကို ဖတ်ပါ။ စာကောင်းတာ စာဟောင်းလည်းဖြစ်မယ်၊ စာသစ်လည်းဖြစ်မယ်။ စာများများဖတ်ပြီး မိမိကိုယ်ပိုင်ဉာဏ်ကို သုံး၊ ချင့်ချိန်မှု အမြဲပြု၊ မစဉ်းစား မဆင်ခြင်ဘဲနဲ့ လက်မခံနဲ့၊ ပစ်လည်း မပစ်လိုက်နဲ့။ သေသေချာချာ စိစစ်ပြီးတော့ ကိုယ့်ထက် အတွေးအမြင်သန်တဲ့ ပုဂ္ဂိုလ်တွေရဲ့ သတိပေးချက်၊ ဆုံးမချက်၊ ညွှန်ကြားချက်တွေကို စာဖတ်ပြီးရယူပါ။

စာဖတ်ရာမှာ အပေါ်ယံကိုသာ ဂရုထားပြီး ဖတ်တန်ရာကို

ဖတ်ပါ။ ဖတ်ပြီး တွေးစရာတွေရှိတယ်ဆိုတာ သိရင် တွေးတော မြော်မြင်ကြည့်ပါ။ ကိုယ့်ဉာဏ်က နေသေးတော့ အတွေးအခေါ် ရင့်ကျက်တဲ့ ပုဂ္ဂိုလ်တွေရဲ့ အဆိုအမိန့်တွေကို ဖတ်ရှုနာကြားပါ။ ထိုပုဂ္ဂိုလ်တို့ရဲ့ သတိပေးချက်၊ ဆုံးမချက်တွေကို နာယူမှတ်သားပါ။ ပြီးရင် ကိုယ်ပိုင်ဉာဏ်နဲ့ ဆန်းစစ်ကြည့်ပါ။ အဆိုအမိန့်၊ အဆုံးအမတို့ကို ခံယူပြီး ကိုယ်ပိုင်ဉာဏ်နဲ့ ဆင်ခြင်သုံးသပ်မှုဟာ ပညာရဖို့ လုပ်ရတဲ့ အလုပ်ပါပဲ။ ဉာဏ်ဆိုတာ အသုံးပြုလေလေ ထက်မြက်သွက်လက် လာလေလေပါပဲ။ ဓားလိုပါပဲ။ ဓားသွေးကျောက်မှာ သွေးရင် ထက်သထက် ထက်လာတာပါပဲ။ ဓားသွေးကျောက်ဟာ ဗဟုသုတနဲ့ နှိုင်းစရာပါ။ ဗဟုသုတက မိမိ အတွေးအခေါ် အထင်အမြင်တို့ကို သွက်လက်ထက်မြက်စေပါတယ်။

"လူဆိုတာ တွေးတတ်တဲ့ ကျူပင်ပါပဲ" (Man is the thinking reed) ဆိုတဲ့ အင်္ဂလိပ်ဘာသာမှာရှိတဲ့ ဆိုရိုးစကားကို ဖော်ပြလိုက်ပါတယ်။ **သိပ္ပံပညာရှင်တို့ကလည်း ဉာဏ်ကို အသုံးပြုလေလေ ထက်မြက်လာလေလေ ဖြစ်တယ်လို့ ဆိုကြပါတယ်။ ဂျာမန်စာရေးဆရာကြီး 'ဂိုထား'က ဆိုတယ်။ ဖတ်ပြီး မှတ်စရာပါမှ စာပေဂုဏ်မြောက်တယ်တဲ့။** စာမှာ စရဏတရားမပါရင် စာကောင်း ပေကောင်း မဟုတ်ဘူးလို့ ဆိုလိုတယ်။

မှန်ပါတယ်။ အပေါ်ယံ အသိရစေတဲ့ စာတွေလည်း ဖတ်သင့်ပါတယ်။ ဒါပေမဲ့ စာပေါ့နဲ့ချည်း အချိန်ကုန်မခံစေနဲ့။ စာပေါ့ဆိုတာ ပျော်ရွှင်စရာအတွက်ပါပဲ။ ဖတ်လို့ကောင်းတယ်။ အချစ်ဝတ္ထုဆိုလည်း ဖတ်လို့ ပျော်စရာအကြောင်းတွေ ဖတ်ရတာ ကောင်းပါတယ်။ ဒါပေမဲ့ မှတ်သားစရာ၊ သင်ခန်းစာ ယူစရာမပါဘူး။ တချို့ဝတ္ထုတွေမှာပါတဲ့ အကြောင်းခြင်းရာတို့ဟာ လူ့သဘာဝ၊ လူ့စရိုက်တွေ သရုပ်ဖော်ထားတာပါတယ်။ မှတ်သားစရာ၊ သတိတရားရစရာ၊ ဘဝအခြေခံ အမှန်တရား

တွေပါတယ်။ ဝတ္ထုချင်း မတူဘူး၊ အပျော်ဖတ်ဖို့ဟာတွေလည်း ဖတ်ပါ။ ဒါပေမဲ့ ဘဝအမှန်တရားပါတာကိုတော့ ဂရုတစိုက်ဖတ်ပါ။ ဘဝသင်ခန်းစာရတဲ့ စာ၊ အမှန်တရား သရုပ်ဖော်တာတွေပါတဲ့ စာတွေကို ဖတ်ကြပါ။ ဖတ်ပြီးရင် စဉ်းစားဆင်ခြင်ပြီး ကိုယ်ပိုင်ဉာဏ်နဲ့ ဝေဖန်သုံးသပ်ပါ။ **အင်္ဂလိပ်အက်ဆေးဆရာကြီး ဖရန်ဆစ်ခ်–ဗေးကွန်းက Reading maketh a full man လို့ ဆိုတယ်။ "စာဖတ်ခြင်းဟာ ပြည့်ဝတဲ့ လူတစ်ယောက်ဖြစ်စေတယ်"တဲ့။ စာဖတ်မှ ပညာပြည့်ဝမယ်။ စိတ်ထားသဘောထား ပြည့်ဝမယ်။ လူတော်လူကောင်း ဖြစ်မယ်။**

ဘဝပညာ ပြည့်ဝပါမှ ခေတ်ရေစီးကြောင်း တိုက်စီးတာကို အတိုက်ခံရမယ်။ အောက်ခြေတော့ မလွတ်စေနဲ့လို့ ပြောတာပါ။ ပညာရှိတဲ့လူမှသာ ဘဝရေစီးမြောင်းထဲ မျောမပါဘဲ ရေစီးကြောင်းကိုကျော်ပြီး တည်ငြိမ်တယ်ဆိုတဲ့ မြစ်ကမ်းပေါ်ကို တက်နိုင်မယ်။ ဆရာကတော့ စာများများဖတ်ဖို့ပဲ ပြောနေတာပဲလို့ဆိုရင် မှန်ပါတယ်။ ခဏခဏ တဖွဖွ ပြောတာကို နားမငြီးကြနဲ့။ လူဖြစ်လာရင် လူတန်းစေ့အောင် ကြိုးစားရမယ်။ ခေတ်ဆိုတာ လှည့်စားမှုအမျိုးမျိုး လုပ်တတ်တယ်။ လူဆိုတာ ကလည်း အသစ်အဆန်းဆိုရင် ကြိုက်ကြတယ်။ ခေတ်မီဖို့ လိုတယ်။ ခေတ်ဆန်တာကိုတော့ ရှောင်ပါ။

အင်္ဂလိပ် အတွေးအမြင်၊ အက်ဆေးတွေရေးတဲ့ စာရေးဆရာကြီး 'အောလ်ဒက်စ်ဟက်စ်စလေ:' Aldous Huxlay က ခေတ်သစ်ကို လိုက်ပြီး ဂုဏ်ယူနေတဲ့သူ၊ 'ခေတ်ဆန်သူ'တွေကို အင်္ဂလိပ်လို modernity Snob လို့ အဲဒီဆရာကြီးက ခေါ်လိုက်တယ်။ Snob ဆိုတာ မျက်နှာကြီးလိုက်တဲ့သူကို ခေါ်တယ်။ သူ့မှာ ဘာဂုဏ်မှမရှိတော့ ဂုဏ်ရှိသူ၊ ငွေရှိသူ မျက်နှာကြီးတွေနဲ့ အကျွမ်းတဝင်ရှိတဲ့အနေနဲ့ ဟန်လုပ်ပြီး

ကြားနေတဲ့သူပေါ့။ 'ဆရာကြီး ဟက်စ်စလေး'က ခေတ်သစ်ရဲ့ ဂုဏ်ရောင်လွှမ်းစေချင်တာနဲ့ ခေတ်သစ်မှာလုပ်တာတွေ လိုက်လုပ်တယ်။ မြန်မာတို့အနေနဲ့တော့ 'ခေတ်ဆန်တယ်'လို့ ဆိုမှာပေါ့။ ခေတ်သစ်ရဲ့ အကြောင်းအကျိုး၊ အကောင်းအဆိုးကို သေသေချာချာလေ့လာပြီး ခေတ်သစ်မှာရှိတဲ့ ကောင်းတဲ့အချက်တွေရအောင်ယူပြီး ခေတ်နဲ့အညီ လုပ်ဆောင်တဲ့သူကို 'ခေတ်မီသူ'လို့ ခေါ်တယ်လေ။ ခေတ်ရေစီးကြောင်းအတိုက်ခံပြီး ပင်ကိုအခြေအနေမပျက်ဘဲ၊ အောက်ခြေမလွတ်ဘဲ မျောပါသွားဖို့ မသင့်ဘူး၊ မကောင်းဘူးပေါ့။ သူများနည်းတူ မျောပါသွားရင် သူများတွေလိုပဲ ဖြစ်နေမှာပေါ့။ ခေတ်ရေစီးကြောင်းပဲ၊ ဘယ်တတ်နိုင်မှာလဲလို့ ဆိုတဲ့ လူဟာ သူများလိုပဲ။ ကိုယ်ကတော့ အသိတရား ပွားများတဲ့လူ ဖြစ်ရမယ်။ အဲဒီလိုဖြစ်ချင်ရင် စာများများဖတ်၊ စာထဲက ဘဝအသိပညာ ရယူပါ။ အဲဒါမှ ခေတ်ဆန်သူတွေကြားထဲမှာ ခေတ်မီသူ ဖြစ်လာလိမ့်မယ်။

အပေါင်းအသင်း ဆိုရိုးစကား

လူတို့ဟာ မိတ်ကောင်းဆွေကောင်း လိုချင်ကြတာပေါ့။ မိတ်သင်္ဘော မလိုချင်သူတွေလည်း ရှိတတ်ပါတယ်။ ပေါင်းရသင်းရခက်တဲ့ လူတွေ၊ ဆက်ဆံရေးမှာ ညံ့ဖျင်းပြီး မာတင်းတင်း လုပ်နေတတ်သူတွေ ရှိတယ်။ ဒါပေမဲ့ အများအားဖြင့် လူတိုင်းဟာ မိတ်ဆွေသူငယ်ချင်း ရှိချင်ကြပါတယ်။ ရှိလည်း ရှိဖို့ သင့်ပါတယ်။

မိတ်ဆွေများများရှိတာ ကောင်းတော့ကောင်းပါရဲ့။ ဒါပေမဲ့ လူဆိုတာ အမျိုးမျိုးပဲ။ သဘောထားအမျိုးမျိုး၊ စရိုက်သဘာဝအမျိုးမျိုး၊ အကျင့်စာရိတ္တအမျိုးမျိုးပဲ။ ဒါတွေဟာ ဓမ္မတာပါ။ အဲဒီတော့ လူငယ်တစ်ယောက်က မိတ်ကောင်းဆွေကောင်းနဲ့ ပေါင်းမိဖို့ ကြိုးစားရွေးချယ်ရလိမ့်မယ်။ လူငယ်တို့ရဲ့ ပထမမိတ်ဆွေတစ်သိုက်ဟာ ကျောင်းနေဖက်တွေပဲ ဖြစ်တယ်။ ကျောင်းမှာ နေ့စဉ်တွေ့နေရလို့ ရင်းနှီးသွားကြတာကြောင့် လူငယ်ချင်းချင်းဖြစ်လို့ သူငယ်ချင်းဖြစ်ကြတယ်။ ငယ်သူငယ်ချင်းဆိုတာ အရင်းနှီးဆုံးဖြစ်လို့ သူငယ်ချင်းကောင်း လိုအပ်တယ်။

ကျောင်းနေဖက်တွေအားလုံးဟာ သူငယ်ချင်းတွေ ဖြစ်နိုင်ပေမဲ့

တွေ့စကတည်းက အစပ်မတည့်တာတွေလည်း ရှိတယ်။ အဲဒီအခါမှာ အပေါင်းအသင်းကောင်းနဲ့ သဘောဆိုး၊ စရိုက်ဆိုးပြီး အစပ်မတည့်တာ တွေလည်း တွေ့ရမှာပဲ။ ဒီလိုဆိုတော့ အပေါင်းအသင်းမဖြစ်စေဘဲ ခပ်ခွာခွာ ရှောင်ရှောင် နေရလိမ့်မယ်။ လူငယ်တွေထဲမှာ စရိုက်အမျိုးမျိုး တွေ့ရလိမ့်မယ်။ အဲဒီတော့ ရွေးပြီးပေါင်းဖို့ ကြိုးစားရမယ်။ ရွေးတယ်ဆိုရာမှာလည်း ရေးကြီးခွင်ကျယ်လုပ်ဖို့ မလိုပါဘူး။ ကျောင်းနေဖက်တွေဟာ နေ့စဉ်လိုလို တွေ့နေကြရတာပဲ။ သူတို့ရဲ့ အပြောအဆို၊ အပြုအမူ၊ အနေအထိုင်တို့ကို အမြဲ မြင်တွေ့နေရတာပဲ။ ကိုယ်နဲ့ အစပ်တည့်မယ့် သူတွေကို ပိုပြီး ရင်းရင်းနှီးနှီးပေါင်းဖို့ပါပဲ။ တချို့ အေးအေးဆေးဆေး ဖော်ဖော်ရွေရွေ ရှိကြတယ်။ သူတို့နဲ့တော့ အပေါင်းအသင်း ဖြစ်သွားကြတာပါပဲ။ ဒါပေမဲ့ အားလုံးနဲ့အဆင်ပြေအောင် ဆက်ဆံရာမှာ သူတို့တစ်တွေက ဇာတိပြတတ်ကြတယ်။ ကောင်းတဲ့စရိုက်၊ ဆိုးတဲ့စရိုက်၊ တင်စီးတဲ့အကျင့်၊ အနံ့ကြီးတာမျိုး၊ အထင်သေးတာမျိုး၊ အဲဒါတွေ အားလုံးဟာ နေ့စဉ်နဲ့အမျှ နီးနီးကပ်ကပ်နေကြရရင် ပေါ်လွင်ပါတယ်။ ကိုယ်က အပေါင်းအသင်းကို ရွေးပေါင်းသလို သူ့ဘက်ကလည်း ရွေးပေါင်းကြမှာပါပဲ။

အကောင်းဆုံးက ဝါသနာချင်းတူ၊ စိတ်ထား သဘောထားချင်း အလားတူဆိုရင် ပိုရင်းနှီးလာမှာပါပဲ။ တစ်ခုတော့ရှိတယ်။ စရိုက်ကောင်းတာ အရေးကြီးဆုံးပဲ။ ငယ်ငယ်က မကောင်းတဲ့ အလုပ်တွေ လုပ်တတ်တယ်။ အရက်သောက်တယ်၊ ဆေးလိပ်သောက်တယ်၊ အသုံးကြီးတယ်၊ မာန်မာနရှိတယ်။ အဲဒီလို အရေးပါတဲ့ အမှုအကျင့်တွေကို စိစစ်ပြီး သင့်သလို နေတန်နေပါ။ ရင်းနှီးဖို့သင့်ရင်လည်း ရင်းရင်းနှီးနှီး ဆက်ဆံပါ။ ဘာပဲဖြစ်ဖြစ် ကိုယ့်ဘက်က စိတ်ခိုင်ဖို့ လိုတယ်။ ဆွဲဆောင်ရာ ပါမသွားစေနဲ့။ ဆွဲဆောင်မှုကို အထူးသတိပြုပါ။ လူတစ်ယောက်ရဲ့

စရိုက်ကို သိဖို့မှာ သူပေါင်းနေတဲ့ မိတ်ဆွေစုကိုကြည့်ရင် သိနိုင်တယ်လို့ ဆိုတဲ့စကားရှိတယ်။ အမွေးအတောင်ထူတဲ့ ငှက်တွေဟာ အတူတူတွဲပျံကြတယ်တဲ့။ အဲဒါတွေဟာ ဆိုရိုးစကားတွေပဲ။ ဆိုရိုးစကားနဲ့ပတ်သက်လို့ ပြောရဦးမယ်။ လူမျိုးတိုင်းမှာ ဆိုရိုးစကားတွေရှိတယ်။ စကားပုံတွေရှိတယ်။ အဲဒါတွေက ခေတ်အဆက်ဆက်မှာ တွေ့ကြုံရတဲ့ အတွေ့အကြုံတွေအပေါ် မူတည်ပြီး ပြောဆိုကြရာမှ ဖြစ်လာတယ်။

ကမ္ဘာအရပ်ရပ်က လူမျိုးစုတွေမှာ အဲဒီလို ဆိုရိုးစကားတွေ၊ စကားပုံတွေရှိကြတယ်။ အဲဒီဟာတွေဟာ ဘိုးစဉ်ဘောင်ဆက်က လူကြီးသူမတို့က တွေ့ကြုံရတဲ့ အတွေ့အကြုံတွေအရဆိုကြတဲ့ ဆိုနေကျစကားတွေမို့ 'ဆိုရိုးစကား'လို့ ခေါ်တယ်။ ဆိုလိုရာကို ပုံစံကျကျဆိုတဲ့ စကားပုံတွေကို ခေတ်လူငယ်တွေက ပြက်ရယ်မပြုကြနဲ့။ အဲဒါတွေထဲမှ 'ဘဝအသိပညာ'တွေ ပါတယ်။ အဲဒါတွေဟာ မျိုးရိုးစဉ်ဆက် အဆင့်ဆင့်လက်ဆင့်ကမ်းလာတဲ့ စကားတွေ၊ လူမျိုးရဲ့ ဂုဏ်ကိုဆောင်တဲ့စာပေမှာ အဲဒါတွေဟာ တစ်ကဏ္ဍရှိကြတယ်။ နှောင်းခေတ်လူငယ်တွေက အထူးဂရုစိုက်ပြီး လေ့လာကြရလိမ့်မယ်။ ဘဝအသိပညာရဲ့ သင်ခန်းစာတွေပဲလို့ သဘောထားပြီး လေ့လာကြစေချင်ပါတယ်။

အပေါင်းအသင်းအကြောင်းကို ဆက်ပြောပါဦးမယ်။ အပေါင်းအသင်းမကောင်းလို့ စာရိတ္တပျက်စီးရတဲ့ သာဓကတွေ အများကြီးပါပဲ။ လူငယ်တွေလည်း သိနေကြပြီးဖြစ်မှာပါ။

အိမ်အပြင် ထွက်သွားတဲ့အချိန်ဟာ ယောက်ျားတွေက မိန်းကလေးတွေထက် ပိုတယ်။ ဒါဟာ ထုံးစံပါပဲ။ မိန်းကလေးတွေလည်း အပေါင်းအသင်းမမှားရအောင် သတိနဲ့ ကြည့်ပေါင်းလို့ ပြောရမှာပါပဲ။ သူတို့အဖို့ကတော့ ယောက်ျားလေးတွေလို မဟုတ်ဘူး။ အချင်းအချင်း

အတုအပြိုင်တွေ များတယ်။ မနာလို ဝန်တိုမှုတွေဟာ အကြောင်း ကြီးကြီး ကျယ်ကျယ် မရှိဘဲနဲ့ ဖြစ်နေကြတယ်။ **စိတ်ထား သဘောထားသေးတဲ့သူနဲ့ မပေါင်းနဲ့၊ ရှောင်နိုင်သလောက် ရှောင်ပါ။ မေးပြောခေါ်ထူးဆိုတဲ့ သဘောထားနဲ့ ရန်ငြိုး အဖတ်မတင်အောင် သင့်သလို ဆက်ဆံရပေလိမ့်မယ်။**

အရင်တုန်းကဆိုရင် မိန်းကလေးတွေ စာရိတ္တပျက်တယ်ဆိုဦးတော့ အရက်သမားတော့ မဖြစ်နိုင်ဘူး၊ ဖြစ်ဖို့အကြောင်း မပေါ်ဘူး။ ယခုခေတ်မှာ ယောကျ်ားကလေးနဲ့ မိန်းကလေးတို့ဟာ ဟိုခေတ်မှာတုန်းကလို မဟုတ်ဘူး။ ယောကျ်ားအချင်းချင်း မိန်းမအချင်းချင်း ရင်းနှီးစွာ ပေါင်းကြတာမျိုး မဟုတ်တော့ဘဲ ယောကျ်ားလေးနဲ့ မိန်းကလေးတို့ဟာ မိန်းမချင်းချင်း ရင်းရင်းနှီးနှီးပေါင်းကြသလို ယောကျ်ားလေးတွေနဲ့လည်း တစ်သဘောတည်း ပေါင်းသင်းဆက်ဆံကြတာမျိုး ရှိလာပြီး အဲဒီပုံစံမျိုးကို ရုပ်ရှင်၊ ဗီဒီယိုတွေမှာ အများကြီးပါတယ်။ ရှေးခေတ်နဲ့တော့ မတူဘူးပေါ့လေ။ အပြစ်မဆိုပါဘူး။ သင့်သလိုနေကြပေါ့။

အပေါင်းအသင်းဟာ လူငယ်တို့အဖို့ အတော်အရေးပါတယ်။ လွတ်လပ်တယ်ဆိုတာ စည်းကမ်းဘောင်ရှိတယ်။ ဘောင်ကျော်သွားရင် သောင်းကျန်းမှုဘောင်ထဲ ရောက်သွားတယ်။ အပေါင်းအသင်းကောင်းရင် ဘဝအခြေလှတယ်။ မကောင်းရင်တော့ ပျက်စီးတဲ့အထိ ဆိုးကျိုးခံစားရတတ်တယ်။ သတိထားပါ။

မိုက်တာ လွယ်ပါတယ်

လူတစ်ယောက်ကို လူမျိုးခြားတစ်ယောက်က ဘာလူမျိုးပါလဲလို့ မေးတယ်ဆိုပါတော့။ 'ကျုပ် မြန်မာလူမျိုး'လို့ အသံမှန်မှန် ဟန်ခ့ဲခ့ဲ ပြန်ပြောရပေလိမ့်မယ်။ မြန်မာလူမျိုးဖြစ်ပါလျက် မြန်မာလူမျိုးလို့ ပြောရမှာ မဝံ့မရဲဖြစ်နေရင် အဲဒီလူဟာ လူမပီသဘူးလို့ ဆိုရလိမ့်မယ်။ လူပီသတဲ့လူဟာ ကိုယ့်အမျိုးဂုဏ်ကို ဖော်ထုတ်ရမယ့် တာဝန်ရှိတယ်။

ကိုယ် ဘာလူမျိုးလဲလို့ သိကြပြီးဖြစ်တဲ့အခါမှာ သူများတွေက ကိုယ့်လုပ်ရပ်ကိုကြည့်ပြီး အပြစ်မြင်လို့ အပြစ်ပြောရင် အပြောခံရသူမှာ သာ ထိခိုက်တာမဟုတ်ဘူး၊ ကိုယ့်လူမျိုးကိုလည်း ထိခိုက်တယ်။ ကိုယ် မိုက်လို့၊ အသုံးမကျလို့ ကိုယ့်လူမျိုး အထင်သေးခံရတာ။ ကိုယ့်အဖို့ ကြီးတဲ့အပြစ်ပဲလို့ မှတ်ရမယ်။ ကိုယ့်ကြောင့် ကိုယ့်လူမျိုး ဂုဏ်ပျက်ရတာ ဟာ ကိုယ့်ရဲ့အကြီးဆုံး တာဝန်ပျက်မှုပါပဲ။ လူငယ်များ သတိထားကြပါ။ ကိုယ့်ရဲ့မကောင်းမှု၊ ညံ့ဖျင်းမှုကြောင့် တခြားလူတို့က သိမ်းကျုံးပြီး 'မြန်မာတွေဟာ အလကားပဲ'လို့ ပြောလိုက်ရင် ကိုယ့်အတွက် ကိုယ့်လူမျိုးမှာ နစ်နာမှုကြီးတစ်ခုပဲ။

အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ကိုယ့်မှာပိုပြီး မြင့်မားဖို့ မစွမ်းသာ ချင်နေပါစေ ကိုယ့်ရဲ့လုပ်ရပ်တစ်ခုအတွက် အဲဒီဂုဏ်တွေ ထိခိုက် ရမယ်ဆိုရင် ကိုယ့်မှာ အကြီးဆုံးပြစ်မှုတစ်ခု ပြုလိုက်တာပဲ။

အမျိုးဂုဏ်၊ ဇာတိဂုဏ် မပျက်ပြားစေရေးနဲ့ တတ်နိုင်သမျှ မြင့်မားအောင် ကြိုးစားရေးဟာ အမျိုးသားရေးတာဝန်ကြီး တစ်ခုပဲ။ လူတိုင်း အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို စောင့်ထိန်းရမယ်။ တတ်နိုင်ရင် ကိုယ့်ရဲ့စွမ်းရည်ကို အကြောင်းပြုပြီး ကိုယ့်အမျိုးဂုဏ်၊ ဇာတိဂုဏ်တက် သွားရင် ကိုယ့်ကိုယ်ကိုယ် ချီးမွမ်းသင့်ပါတယ်။ ဂုဏ်ယူသင့်ပါတယ်။

အမျိုးဂုဏ်၊ ဇာတိဂုဏ်ဆိုတာ တို့တစ်တွေ တို့အဖို့ပြောရရင် မြန်မာလူမျိုးများ၊ အဲဒါအမျိုးဂုဏ်။ မြန်မာနိုင်ငံ အဲဒါကတော့ ဇာတိ ဂုဏ်။ ကိုယ်က မြန်မာနိုင်ငံသားမို့ ကိုယ့်ရဲ့ ဇာတိဒေသဟာ မြန်မာနိုင်ငံ ဖြစ်လို့ ကိုယ့်လုပ်ရပ် တစ်ခုခုကို အကြောင်းပြုပြီး အများက ချီးကျူးကြ တယ်ဆိုရင် မြန်မာနိုင်ငံသား၊ မြန်မာလူမျိုး၊ ဘယ်သူဟာ ဘယ်ကိစ္စမှာ ထူးချွန်ထင်ရှားတယ်လို့ ပြောဆိုချီးကျူးရင် အဲဒီ မြန်မာပြည်သားဟာ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြင့်မားစေတယ်လို့ ဆိုပါတယ်။

အဲဒါကြောင့် မင်းတို့တစ်တွေဟာ အမျိုးဂုဏ်ပျက်စေမယ့် အပြု အမူ၊ အပြောအဆိုနဲ့ လုပ်ရပ်တွေကို ရှောင်ရမယ်။ တော်အောင်၊ ကောင်း အောင် အတတ်နိုင်ဆုံး ကြိုးစားပြီး အမျိုးဂုဏ် ဇာတိဂုဏ်ကို မြှင့်တင် ရမယ်။ အဲဒီလိုမဟုတ်ဘဲ အမှတ်မထင်နေရင် ကောင်းတော့ မကောင်း ဘူး။ ဒါပေမဲ့ ကိုယ့်စွမ်းရည် အဆင့်မမီသေးလို့ပဲလို့ ဆိုရပေလိမ့်မယ်။ တတ်နိုင်သလောက် ကြိုးစားကြရမယ်။ အနည်းဆုံး မြန်မာတွေဟာ ရိုးသားပွင့်လင်းတယ်။ လုပ်ရည်ကိုင်ရည် မည့်လှဘူးလို့ ဆိုနိုင်စေဖို့ ရိုးသားကြိုးစားရမယ်။ ပွင့်ပွင့်လင်းလင်း ပြောရမယ်ဆိုရင် တို့လူမျိုး အားလုံး တစ်ယောက်မကျန် ထူးချွန်ထင်ရှားကြမှာ မဟုတ်ဘူး။ အဲဒါ

မဆန်းပါဘူး။ အားငယ်စရာ၊ စိတ်ဓာတ်ကျစရာ မဟုတ်ပါဘူး။ ဘယ်လူမျိုး၊ ဘယ်နိုင်ငံမှာမှ အားလုံး တော်ကြတာမဟုတ်ပါဘူး။ လူတွေဟာ အားလုံး လူတော်တွေဖြစ်မှာ မဟုတ်ပါဘူး။ အဲဒီအတွက်ကြောင့် အားမငယ်နဲ့၊ စိတ်ဓာတ်မကျနဲ့။ မတော်ပေမဲ့ မှန်တမ်းတော့ ရှိကြတာချည်းပါပဲ။ ကုသိုလ်ကံအားနည်းလို့ မွေးကတည်းက ချို့တဲ့လာသူတွေ နိုင်ငံတိုင်း၊ လူမျိုးတိုင်းမှာ ရှိကြတယ်။ အဲဒါ သူတို့ကို အပြစ်မတင်သင့်ဘူး။ သနားဖို့သာ ရှိတယ်။ ဝိုင်းဝန်းကူညီပြီး သူတို့ရဲ့ဘဝကို သာယာစိုပြည်စေဖို့ ထောက်ပံ့ကြရမယ်။ အဲဒါ အမျိုးသားတာဝန်တစ်ခုပဲ။ အဲဒီလို မစွမ်းမသန်သူတွေဟာလည်း အသုံးမကျတော့ဘူးမထင်နဲ့၊ သူတို့စွမ်းတဲ့ဘက်က စွမ်းကြသေးတယ်။

ဆွံ့အ နားမကြားသူတွေထဲက နိုင်ငံခြားမှာ ကမ္ဘာကျော်တဲ့ အမျိုးသမီးကြီး 'ဟဲလန်ကဲလား' Helen Kellerဟာ ပြုစုထောက်ပံ့မှုရလို့ သူ့နည်းသူ့ဟန်နဲ့ စာရေးဆရာမကြီးဖြစ်သွားတယ်။ သူ့လို နာမည်မကျော်တဲ့ အညတရ ဝေဒနာရှင်တွေဟာလည်း လူမှုရေးတာဝန်ယူသူတွေရဲ့ ပုဂ္ဂိုလ်များရဲ့ ကြိုးပမ်းမှုကြောင့် တက္ကသိုလ်ဘွဲ့ရတဲ့ အဆင့်အထိ ရောက်သူတွေ ရောက်ကြတယ်။ တချို့ဆိုရင် လက်မှုပညာ ကောင်းစွာ တတ်မြောက်ကြတယ်။ အဲဒါတွေ မင်းတို့ သိတန်သလောက်တော့ သိပြီးရောပေါ့။ **မသန်စွမ်းတဲ့သူတွေကို တတ်နိုင်သမျှ ကူညီဖို့၊ ထောက်ပံ့ဖို့ ကြိုးစားကြပါ။ အဲဒါလည်း လူမှုရေး တာဝန်တစ်ခုပဲ။**

လူတွေဟာ လူအဖြစ် မွေးဖွားလာကြတာတော့ မှန်ပါတယ်။ ဒါပေမဲ့ တချို့ဟာ လူနဲ့မတူအောင် ဆိုးကြ၊ မိုက်ကြ၊ ယုတ်ကြတယ်။ မင်းတို့ ကြည့်တတ်ရင် မြင်နိုင်ပါတယ်။ **အဲဒီတော့ မင်းတို့မှာ သဘောထားတစ်ခု ရှိရမယ်။ ဘယ်သူတွေ ဘယ်လိုတရားပျက်ပျက်၊ တာဝန်ပျက်ပျက် ငါတော့ ဘယ်တော့မှမပျက်ဘူးဆိုတဲ့ သဘောထားရှိကြ**

ပါစေ။

မိုက်တာ လွယ်ပါတယ်။ လိမ္မာဖို့သာ ခက်တာပါ။ အဲဒီ စကား အမှန်ပဲ။ မိုက်ချင်ရင် အခုထွက်ပြီး မဟုတ်တာ၊ မကောင်းတာတစ်ခုခု လုပ်မလား။ လုပ်လိုက်၊ လုပ်နိုင်တယ်မဟုတ်လား။ အဲဒီမိုက်ပြစ် ချက်ချင်း ခံရင် ခံရမယ်။ နောက် မိုက်ကြွေးဆပ်ရမှာကတော့ သေချာ တယ်။ အဲ ... လိမ္မာဖို့ကတော့ လိမ္မာလာအောင် ကိုယ့်စိတ်ကိုကိုယ် ဆုံးမရမယ်။ ဆုံးမတတ်အောင် စာကောင်းတွေကိုဖတ်ပြီး စဉ်းစား ဆင်ခြင်ပြီး ပညာယူရမယ်။ ဆရာကောင်းထံ ချဉ်းကပ်ရမယ်။ မလွယ် ဘူး။ မင်းတို့ သိကြမှာပေါ့။

လူ့ကျင့်ဝတ်ကို ဟောပြတော်မူတဲ့ ငါတို့ ဗုဒ္ဓဘာသာဝင်တွေရဲ့ ဗုဒ္ဓမြတ်စွာက 'မင်္ဂလသုတ်'တရားတော်မှ အစဦးဆုံး ဟောတာက 'လူမိုက်ကို ရှောင်ပါ၊ လူလိမ္မာပညာရှိကို ဆည်းကပ်ပါ'တဲ့။ (အသေဝ နာစ ဗာလာနံ၊ ပဏ္ဍိတာနဉ္စသေဝနာ)။

တခြား ဘာသာတရားတွေမှာလည်း အလားတူ ဆုံးမချက် ပါပါတယ်။ လူမိုက်နဲ့ လူလိမ္မာကို ခွဲခြားပြီး လူမိုက်ကို ရှောင်၊ လူလိမ္မာ ကို ဆည်းကပ်ဖို့ ဆိုဆုံးမကြမှာပါပဲ။

အဖိုးတန်ဆုံး ဥစ္စာ

လူတွေမှာ ပစ္စည်းဥစ္စာ ပိုင်ဆိုင်ချင်စိတ်ဆန္ဒ ရှိကြတာချည်းပဲ။ ကိုယ်ပိုင်ဥစ္စာရှိမှ ဘဝအခြေလှပြီး စိုးရိမ်မှုကင်းနိုင်မယ်။ ဥစ္စာဓနကို အားကိုးပြီး ဥစ္စာတွေပိုရအောင် စီးပွားရေးလုပ်ငန်း လုပ်ကြရတယ်။ စီးပွားရေးဟာ လူသားတို့အဖို့ မလုပ်မဖြစ်တဲ့ကိစ္စပဲ။ ငွေတွေရပြီး စားဝတ်နေရေးအတွက် အသုံးပြုကြတယ်။ အဲဒီလို ဘဝအခြေလှအောင်၊ ပေါကြွယ်ဝအောင် ပစ္စည်းဥစ္စာတွေရဖို့ တစ်သက်လုံး ကြိုးစားရတယ်။ ဥစ္စာဓနဆိုတာကတော့ ပစ္စည်းထက်ပိုပြီး အဆင့်မြင့်တယ်။ ဥစ္စာဓနပိုင်ရရင် ဂုဏ်တက်တယ်။ အမွန်အမြတ်ထားရတဲ့ ပစ္စည်းပဲပေါ့။

အဲဒီ ဥစ္စာတွေထဲမှာ အဖိုးအတန်ဆုံး၊ အမြတ်နိုးသင့်ဆုံးကတော့ (မင်းတို့လည်း သိပါတယ်) ပညာဓနပါပဲ။ ပညာတတ်မှ လူတောထဲမှာ တင့်တယ်တယ်။ လူအများက လေးစားကြတယ်။ အဲဒီပညာဆိုတာဟာ အခုအနေပြောရရင်တော့ 'အတတ်ပညာနဲ့' 'အသိပညာ'ပဲ။ **အတတ်ပညာ တစ်ခုခုတတ်ကျွမ်းရင် လူ့အဖွဲ့အစည်းထဲမှာ လူအများက အားကိုးစရာဖြစ်တယ်။ ကိုယ်တတ်တဲ့ ပညာကို အသုံးပြု**

ပြီး လူအများအတွက်အကျိုးဆောင်ရင် ကိုယ့်မှာ စီးပွားဖြစ်တယ်။

အတတ်ပညာရှင်တွေဟာ သူတို့တတ်တဲ့ပညာနဲ့ လူ့အဖွဲ့အစည်းမှာ အကျိုးဆောင်တဲ့အတွက် သူ့အဖို့ ငွေကြေးဥစ္စာရပြီး ဘဝအခြေအနေ ကောင်းတယ်။ အတတ်ပညာရှင်တွေရဲ့ လုပ်ဆောင်မှုတွေအတွက် လူ့လောကကြီးမှာ ရုပ်ပစ္စည်းတွေ ပေါများကောင်းမွန်လာတယ်။ လူသားတို့ရဲ့ဘဝဟာ စိုပြည်တယ်။ ဖွံ့ဖြိုးတိုးတက်တယ်။ ယဉ်ကျေးမှုအဆင့် မြင့်လာတယ်။ အရင်တုန်းက လူတွေဟာ နေထိုင်မှု၊ ပြုလုပ်မှု အခြေအနေတွေဟာ ညံ့တယ်။ ချို့တဲ့တယ်။ ချို့ယွင်းတယ်။ နေရေးထိုင်ရေးမှာ ပြည့်စုံမှုမရှိဘူး။ လူ့သမိုင်းအစမှာဆိုရင် ဂူကြီးတွေထဲမှာ နေကြရတယ်။ နောက်တော့မှ တဖြည်းဖြည်းနဲ့ လူ့လောကကြီးမှာ ကြီးကျယ်ထည်ဝါ ဖွံ့ဖြိုးလာတယ်။

အဲဒီ အရိုင်းဘဝမှ အယဉ်ဘဝကို ရောက်လာတဲ့ ဘဝအခြေအနေတိုးတက်မှုကို 'ယဉ်ကျေးမှု'လို့ခေါ်တယ်။ အင်္ဂလိပ်လိုတော့ Civilization လို့ ခေါ်တယ်။ အဲဒါကို မင်းတို့ သိနှင့်ပြီးရော့မယ်။ အဲဒါက ရုပ်ပိုင်းတိုးတက်မှုပဲ။ နောက် တိုးတက်မှုကတော့ စိတ်ပိုင်းတိုးတက်မှု။ ကောင်းတာ၊ ဆိုးတာ၊ တရားတာ၊ မတရားတာဆိုတဲ့ သဘောတရားတွေ ဘက်မှာ အမြင်သန်ဖို့၊ အမြင်မှန်ဖို့တော့ စိတ်မှာ ပေါ်ထွန်းလာတဲ့ 'ဉာဏ်' စွမ်းရည်ပဲ။ အစစအရာရာမှာ မျက်စိအမြင်နဲ့ ဉာဏ်အမြင်ရယ်လို့ အမြင်နှစ်မျိုးရှိတယ်။

မျက်စိအမြင်က ရုပ်ပစ္စည်းတွေကို မြင်တယ်။ အဲဒီ အမြင်အတိုင်း ကောင်းအောင် လုပ်ချင်တဲ့ဆန္ဒ၊ ကောင်းစေချင်တဲ့ စေတနာ၊ တစ်ဖက်မှာလည်း မိုက်တဲ့စိတ်နဲ့ အဖျက်အဆီးကို လုပ်ချင်တဲ့ဆန္ဒ။ အဲဒီနှစ်မျိုးကို "အသိပညာ"ဆိုတဲ့ သဘောတရားကို သိမြင်တဲ့ဉာဏ်၊ တိုးတက်ဖွံ့ဖြိုးအောင် ပြုစုပြုပြင်ပေးမှ လူတို့ရဲ့ အတွင်းစိတ်မှာ မကောင်း

တဲ့ စိတ်အာရုံတွေကိုပယ် "အသိပညာ"က ရှောင်ခိုင်းတယ်။ ပြီးတော့ ကောင်းတဲ့စိတ်ဆန္ဒ စေတနာတွေ ပွားများစေဖို့ အသိဉာဏ်၊ အသိစိတ်တွေ ဖွံ့ဖြိုးစေတယ်။

အတတ်ပညာနဲ့ အသိပညာတို့ လူသားတို့မှာရှိနေရင် လူ့လောကကြီးဟာ ရုပ်ပစ္စည်းတွေတိုးတက်ဖွံ့ဖြိုးမယ်။ တစ်ချိန်တည်းမှာပဲ ကောင်းတာ၊ မှန်တာ၊ တရားတာ၊ စာနာတတ်တာတွေ ပေါ်ထွန်းပြီး 'စိတ်ယဉ်ကျေးမှု'ဆိုတဲ့ ယဉ်ကျေးမှုဖြစ်ထွန်းလာတယ်။ အဲဒီလို ရုပ်ယဉ်ကျေးမှုနဲ့ စိတ်ယဉ်ကျေးမှုရှိမှ လူ့ဘဝက နေချင်စရာဖြစ်မယ်။ နေရကျိုးလည်း နပ်မယ်။

ဒီအကြောင်းတွေကို နားလည်သဘောပေါက်ပြီး ကိုယ်တိုင်လုပ်ဆောင်နိုင်မှ လူ့တာဝန်ကျေမယ်။ လူဖြစ်ကျိုးလည်း နပ်မယ်။ အဲဒါကြောင့် မင်းတို့တစ်တွေကို ကလေးအရွယ်ကတည်းက ပညာသင်ခိုင်းတာပေါ့။ မိဘတွေဟာ 'လက်ဦးဆရာ'များပါပဲ။ ငယ်ငယ်ကတည်းက လိမ္မာယဉ်ကျေးအောင် ဆုံးမကြတယ်။ အပြောအဆို အမူအကျင့် ကောင်းကလေးတွေကို စတင်သင်ကြားပြီးမှ ကျောင်းကို ပို့လိုက်ကြတယ် မဟုတ်လား။

အခုဆို မင်းတို့ဟာ အကောင်းအဆိုး ခွဲမယ်ဆို ခွဲတတ်ကြပြီ။ အဲဒီအချိန်အခါမှာ ကျောင်းရောက်တော့ အတတ်ပညာကို မူတည်ပြီး သင်ပေးတယ်။ အတတ်ပညာအတွက် သင်ခန်းစာတွေထဲမှာပဲ အသိပညာရဲ့ အစကလေးတွေ ပါလာတာပဲ။ ကောင်းတယ်၊ ဆိုးတယ်ဆိုတာကို ခွဲခြားဝေဖန်တတ်စပြုပြီ။ ကျောင်းစာတွေထဲမှာ အတတ်ပညာကိုပေးရင်း အသိပညာကိုလည်း ပေးမှန်းမသိ ပေးလာပြီ။ ဆရာက တတ်ဖို့ သင်ရင်း သိဖို့ပါ သင်နေပြီလေ။ ဆရာသင်တာက အစပဲ။

အသိပညာကိုတော့ ဆရာကရော၊ မိဘများကရော၊ လူကြီးသူမ

တွေကရော စကားပြောရင်း သင်ပေးကြတယ်။ သင်ပေးတယ်လို့ မသိနိုင်ဘူး။ တစ်ခုခုလုပ်လို့ မှားသွားရင် လူကြီးတွေက အခိုက်အလှည့်ကြုံရင် ဒါမလုပ်သင့်ဘူး။ ရိုင်းရာကျတယ်၊ မိုက်ရာကျတယ်လို့ ဆိုချင်မှတော့ ဆိုကြမယ်။ မလုပ်သင့်ဘူးလို့ပဲ ဆိုကြပေမယ်။ ကျောင်းက ဆရာက စာသင်ပေးလို့ အတန်းငယ်က အတန်းကြီးရောက်လာပြီ။ မင်းတို့လည်း အသက်အတော်အတန် ရလာကြပြီ။ အသက်ရလာသမျှလည်း ဘဝ အတွေ့အကြုံတွေ ခံစားကြရပြီ။ ကောင်းတဲ့ အတွေ့အကြုံ၊ ဆိုးဝါးတဲ့ အဖြစ်အပျက်တွေပေါ့ကွယ်။ အဲဒီလိုပဲ နည်းနည်းခွဲခြားသိတဲ့ စိတ်အားကိုးလောက်လာပြီ။ အဲဒီအခါမှာ စာတတ်လာတဲ့အလျောက် ကျောင်းက စာအပြင် စာမျိုးမျိုးဖတ်လာကြပြီ။ အဲဒီစာတွေထဲက အသိပညာ အတော်အတန်ရနိုင်ပြီ။

ကဲ ... ဒီတော့ မင်းတို့မှာ စာဖတ်ကျင့် အမြစ်တွယ်ပြီမို့ အကြံပေးချင်တာက စာများများဖတ်ပေတော့။

ကိုယ်လက်ကျန်းမာသန်စွမ်းဖို့ လမ်းများများလျှောက်၊ အားကစားဘက်မှာလည်း လုပ်နိုင်သလောက်လုပ်၊ စိတ်ကျန်းမာသန်စွမ်းဖို့ စာများများဖတ်၊ ဖတ်ပြီးတော့ ဆင်ခြင်တွေးခေါ်တဲ့ ဉာဏ်လုပ်ငန်းကို လုပ်၊ အဲဒီလိုသာဆိုရင် မင်းတို့ဘဝမှာ ပျော်စရာတွေ များလာမယ်။ ကိုယ်ကျန်းမာသွက်လက်သလို ဉာဏ်ထက်လာမယ်။ သွက်လာမယ်။ နောက်တော့လည်း အကြောင်းသင့်ရင် စာဖတ်တတ်အောင် ပြောပြမယ်။

သိက္ခာ သမာဓိ ဂုဏ်ရှိရှိ

"သိက္ခာ"ဆိုတဲ့ ပါဠိဝေါဟာရရဲ့ အနက်အဓိပ္ပာယ်က "ကျင့်ဝတ်"။ ကျင့်ဝတ်ဆိုတာ လူတိုင်းမှာရှိရမယ်။ ကျင့်ဝတ်အတိုင်း လုပ်ဆောင်ရမယ်။ ဒါမှ လူ့တန်ဖိုး ရှိမယ်။ အခုဆိုရင် များသောအားဖြင့် "သိက္ခာ"ဆိုတဲ့စကားကို အသုံးမှားနေတယ်။ တစ်ခုခုမှာ ကိုယ်က အလျှော့ပေးလိုက်ရမယ်၊ အရှုံးခံလိုက်ရမယ်ဆိုရင် "သိက္ခာကျမှာပေါ့"လို့ ဆိုပြီး ငြင်းပယ်လိုက်ကြတယ်။

ဘယ်လို အဓိပ္ပာယ် အယူမှားသလဲဆိုတော့ "သိက္ခာ"ကို ဂုဏ်နဲ့ တွဲနေတော့ ဂုဏ်ပျက်မယ်လို့ဆိုတဲ့သဘောနဲ့ သုံးနေကြတာပါပဲ။ တကယ်တော့ သိက္ခာရှိတာ ဂုဏ်ရှိတာဆိုတာ မှန်ပါတယ်။ ကျင့်ဝတ်အတိုင်း မှန်ကန်စွာ လုပ်ဆောင်တယ်ဆိုမှသာ "သိက္ခာရှိတယ်"လို့ ဆိုရမှာပဲ။ သိက္ခာမဲ့တယ်ဆိုရင်တော့ ဂုဏ်မရှိနိုင်တော့ဘူး။ **အခု အလျှော့ပေးတယ်။ အရှုံးခံလိုက်တာဟာ ကိုယ့်ဘက်က ပဋိပက္ခ မဖြစ်ချင်လို့ လုပ်လိုက်တာပဲ။ ရန်ဖြစ်မှာစိုးလို့၊ ဒေါသထွက်မှာစိုးလို့ သည်းခံလိုက်တာပါ။ အဲဒါ သိက္ခာမကျပါဘူး။ သိက္ခာတက်**

တယ်လို့ပဲ ဆိုရမယ်။

သိက္ခာရှိမှ ဂုဏ်ရှိမှာ။ သိက္ခာဟာ သူ့ဘာသာသူ ဂုဏ်ရှိနေတာပါ။ ကိုယ့်မှာ ဂုဏ်ရှိချင်ရင် သိက္ခာရှိမှ ဖြစ်မယ်။ သိက္ခာရှိတယ်ဆိုတာ ကျင့်ဝတ်ကို စောင့်စည်းပြီး သိက္ခာအတိုင်း လုပ်ဆောင်ရမယ်။ သိက္ခာမဲ့တဲ့ အလုပ်မျိုး ဘယ်တော့မှမလုပ်နဲ့။

"သိက္ခာ"ဆိုတဲ့ ကျင့်ဝတ်တွေဟာ လူတိုင်းမှာ ရှိရမယ်ဆိုရာမှာ လူဝတ်ကြောင်တို့ရယ်၊ သာမဏေတို့ရယ်၊ ရဟန်းတို့ရယ် ကိုယ်စီကိုယ်စီ သိက္ခာကို ကျင့်ဝတ်မှာရှိတဲ့ ညွှန်ကြားချက်အတိုင်း ဆောင်ရွက်ကြရမယ်။ **သိက္ခာဆိုတာဟာ "သီလ"ပါပဲ။ သိက္ခာက ညွှန်ကြားချက်၊ သီလက အဲဒီညွှန်ကြားချက်တွေအတိုင်း မှန်ကန်လုံခြုံစွာ ဆောက်တည်ကြရမယ်။**

သာမဏေတွေမှာ "ရှင်ကျင့်ဝတ်"ရှိတယ်။ ရဟန်းတော်တွေမှာ "ဝိနည်းသိက္ခာပုဒ်"တွေရှိတယ်။ လူတွေမှာတော့ "နီတိ"ရှိတယ်။ စာတွေထဲမှာရှိနေတဲ့ နီတိတွေရှိတယ်။ လူတွေမှာလည်း သူတို့ဘဝအခြေအနေအရ အဆင့်ရှိတယ်။ အဲဒီတော့ ရှေးခေတ်အဆက်ဆက်မှာ ရေးသားပြုစုထားတဲ့ နီတိတွေရှိတယ်။ "နီတိ"ဆိုတာ မြန်မာလိုတော့ "လမ်းညွှန်"ပါပဲ။ နီတိတွေထဲကမှ လူအများ လူ့လောကမှာ လိုက်နာကျင့်သုံးသင့်တဲ့ အချက်တွေကို မိမိနဲ့သက်ဆိုင်သမျှကို ကာလဒေသအလျောက် လက်ခံရာမှ မူမပျက်စေဘဲ ခေတ်နဲ့အညီ လိုက်နာဆောင်ရွက်ကြရမှာ ဖြစ်တယ်။ အဲဒီတွေထဲမှာ "လောကနီတိ"နဲ့ "ပြည်သူ့နီတိ"တို့ ထင်ရှားပါတယ်။ ဘဝနေထိုင်ရေးမှာ အဆင်ပြေဖို့၊ လမ်းမှန်ဖို့၊ လေ့လာထားကြဖို့ သင့်ပါတယ်။ ကျင့်ဝတ်တွေရှိရာမှာ တချို့ဟာ အခုခေတ် အနေအထားနဲ့ မလိုတော့တာတွေ ရှိတယ်။ အဲဒါတွေကို ချန်ထားပြီး လေ့လာကြည့်ပါ။ ဗဟုသုတရမှာပေါ့။ ရှေးခေတ်အခြေအနေနဲ့ အခုခေတ် အခြေအနေကွေ

အယူအဆတွေနဲ့ နှိုင်းယှဉ်ကြည့်ပြီး လေ့လာနိုင်ရင် ခေတ်အကြောင်း လေ့လာနိုင်တာပေါ့။

ဆရာကြီးကတော့ အမြဲတမ်း တည်မြဲနိုင်တဲ့ လောကလမ်းညွှန်မျိုးကိုပဲ ဖော်ပြမယ်။ အချုပ်ကတော့ မင်းတို့လူငယ်တွေ လက်တွေ့ကျင့်သုံးရမှာက တစ်ခုခုလုပ်မယ်ဆိုရင် အဲဒီ လုပ်ရပ်ဟာ မှန်ရဲ့လား။ မှန်တယ်ဆိုတာ ကိုယ့်မှာလည်း အကျိုးရှိ၊ သူတစ်ပါးကိုလည်း မထိခိုက်စေရ။ ပြီးတော့ လုပ်သင့်လုပ်ထိုက်တဲ့ လုပ်ရပ်လားလို့ စိစစ်ဝေဖန်ပြီးမှ ကောင်းတာကို လုပ်၊ မကောင်းတာကို ရှောင်။

ကောင်းတာ မကောင်းတာ၊ သင့်တာ မသင့်တာ၊ တရားတာ မတရားတာ၊ မသမာတာ သမာတာကို သေသေချာချာ စိစစ်ရလိမ့်မယ်။ မင်းတို့အရွယ်မှာ အဖြူနဲ့အနက်၊ အချိန်နဲ့အခါ၊ လိုလားအပ်တာနဲ့ မလိုလားအပ်တာကို သိတန်သလောက် သိကြပါပြီ။ ဘာမဆို မလုပ်ခင် ဆင်ခြင်သုံးသပ်ပါ။ မင်းတို့ ပညာသင်တာ ဒီလို ခွဲခြားတတ်ဖို့ သင်နေကြတာ မဟုတ်လား။

အကျင့်သိက္ခာဆိုတာ လူတွေကျင့်သုံးရမယ့် ကိစ္စတွေကို ဆောင်ရွက်၊ မကောင်းတာတွေကို ရှောင်ဖယ်ဦးမယ်ဆိုတာကို အစဉ်သတိထားကြဖို့သာ လိုတယ်။ အကျင့်သိက္ခာတွေကို ဋ္ဌိကာချဲ့ရင်တော့ အကျယ်ကြီးပေါ့။ ခြုံပြီးပြောရရင် မင်းတို့တစ်တွေမှာ စောင့်စည်းကျင့်သုံးရမယ့် သီလနှစ်မျိုးကို ဖော်ပြလိုက်တယ်။ ပြုကျင့်ရမယ့် စာရိတ္တသီလနဲ့ ရှောင်ကြဉ်ရမယ့် ဝါရိတ္တသီလတို့ပဲ ဖြစ်တယ်။ ဝါရိတ္တသီလဆိုတာ မကောင်းတာကိုရှောင်ကြဉ်ဖို့ စောင့်ထိန်းခြင်းပဲ။ အဲဒီလို ရှောင်ကြဉ်ပြီး ကုသိုလ်တရားတွေကို ဆောင်ရွက်ရင် ဝါရိတ္တသီလနဲ့ စာရိတ္တသီလ စောင့်ထိန်းရာ ကျတာပါပဲ။

အဲဒီလို မကောင်းတာ ရှောင်၊ ကောင်းတာဆောင်ရင် လူ့သိက္ခာ လူ့ကျင့်ဝတ် ဆောင်ရွက်တာပဲ။ သိက္ခာရှိတယ်လို့ ဆိုရပေမယ်။

သိက္ခာရှိရင် စိတ်မှာတည်ကြည်မှု ရှိလာမှာပဲ။ အဲဒါ သမာဓိပဲ။ သိက္ခာသမာဓိရှိရင် ဂုဏ်ရှိတာပဲပေါ့။ အပေါ်ယံဂုဏ်တွေကို မဆိုလိုပါဘူး။ လူ့တန်ဖိုးရှိအောင် ကျင့်သုံးနေထိုင် ပြုမူဆက်ဆံတယ်ဆိုရင် လူတော်လူကောင်း တစ်ယောက် ဖြစ်လာမှာပါပဲ။

ဖော်ရွေ ရည်မွန်မှု

သိက္ခာရှိရှိ နေရမယ်ဆိုတာနဲ့ ဝါတော်ခြောက်ဆယ် ဆရာတော်ကြီးလို ဣန္ဒြေသမ္ပတ္တိနဲ့ နေရမှာလားလို့ မထင်လိုက်ပါနဲ့။ သိက္ခာစောင့်ထိန်းတာနဲ့ ဣန္ဒြေအထူးဆောင်နေဖို့ မလိုပါဘူး။ ကိုယ်နေမြဲနေပါ။ ပျော်ပျော်ရွှင်ရွှင် ဖျတ်ဖျတ်လတ်လတ် နေစေချင်ပါတယ်။ မင်းတို့ လူငယ်တွေဟာ သန်တုန်းမြန်တုန်းမို့ လွတ်လွတ်လပ်လပ် နေချင်ကြတာပဲပေါ့။ ကိုယ်ချင်းစာတတ်ပါတယ်။

ဖော်ဖော်ရွေရွေ ရည်ရည်မွန်မွန်နေဖို့ လိုပါတယ်။ သိက္ခာဆိုတာ အကျင့်စာရိတ္တနဲ့ သက်ဆိုင်ပါတယ်။ **အကျင့်မပျက်ဘဲ ဖော်ဖော်ရွေရွေ နေတာဟာ မှန်ကန်တဲ့အနေအထိုင်မျိုးပါပဲ။** လူငယ်လူရွယ်များသာမက လူကြီးတွေလည်း ဖော်ရွေမှုရှိဖို့ လိုပါတယ်။ 'ငါ လူကြီးပဲ'ဆိုတဲ့ မာနကြီးတစ်ခွဲသားနဲ့ တင်းတင်းမာမာကြီး ပြောဆိုဆက်ဆံတာဟာ အလွန် အရုပ်ဆိုးပါတယ်။ လူကြီးလူငယ် ဆက်ဆံရေးမှာ လူငယ်တွေဘက်ချည်း ပြောဆိုဆုံးမရုံနဲ့ မပြည့်စုံပါဘူး။ လူကြီးတွေဘက်လည်း တောင်းပန်ပြီး သတိပေးဖို့ လိုပါတယ်။ လူကြီးတွေထဲမှာ

မာန်မာနနဲ့ အထီးကျန်ဖြစ်နေတဲ့ ပုဂ္ဂိုလ်တွေရှိတယ်။ သူတို့ကို လူငယ်လူရွယ်တွေက မကပ်ရဲဘူး။ မလွဲသာမှ ကပ်ချင်ကြတာ။ လူငယ်တွေ ဆရာကြီးကလည်း လူကြီးတွေကို ဘာမှမပြောလိုပါဘူး။ ပြောဖို့လည်း မလိုပါဘူး။ "သူ့သဘော သူဆောင်"ဆိုတဲ့ သဘောထားနဲ့ သင့်မြတ်အောင် နေတာပါပဲ။

မင်းတို့ကိုတော့ ဆိုဆုံးမရမယ်။ မင်းတို့က အဆုံးမခံရမယ့် အရွယ်ပဲ။ ငါတို့လည်း မင်းတို့လို အရွယ်တုန်းက အဆုံးမခံခဲ့တာပဲ။ ကဲ ... ထားပါတော့။

သိက္ခာရှိရှိနေဖို့အရေးမှာ ဣန္ဒြေဟန်ဆောင်မှု မလိုပါဘူး။ လူအများနဲ့ ဆက်ဆံရေးဟာ လူ့လောကမှာ အရေးကြီးတဲ့ ကိစ္စတစ်ခုပါပဲ။ ဖော်ရွေမှု၊ ရည်မွန်မှုဆိုတာ အရေးပါပါတယ်။ ဒါပေမဲ့ ဖော်ရွေမှုမှာ ဣန္ဒြေရှိရမယ်။ ဣန္ဒြေမရှိ အရမ်းဖော်ရွေတာ မဟန်ဘူး။ ရွှင်ရွှင်လန်းလန်းနဲ့ ရင်းရင်းနှီးနှီး ဆက်ဆံရလိမ့်မယ်။ အဲဒီနေရာမှာ ကိုယ့်ရဲ့ စေတနာမှန်ဖို့လိုတယ်။ တချို့က ကိုယ်ကျိုးကြည့်ပြီး အကြိုက်လိုက်ပြောတတ်ကြတယ်။ အရိုသေ လွန်ကြတယ်။ သိပ်ပြီး ခယဝယလုပ်ပြတယ်။ အဲဒါ ဖော်ရွေမှုအစစ် မဟုတ်ဘူး။ ဖော်ရွေမှု ခံရတဲ့ တစ်ဖက်သားက "သူ ငါ့ဆီက ဘာလိုချင်လို့လဲ"ဆိုတာကို စိတ်မှာ ပေါ်ပြီး မသက်ာ်ဖြစ်လိမ့်မယ်။

ဖော်ရွေရာမှာ ရိုးသားဖို့လိုပါတယ်။ ကိုယ့်စေတနာမှန်ဖို့ လိုပါတယ်။ အပြောအဆိုမှာ တည်ကြည်မှုနဲ့ လိုလားခြင်းတို့ လိုတယ်။ စေတနာမှန်မှန်နဲ့ ရိုသေလေးစားမှုရှိရမယ်။ တစ်ဖက်သားရဲ့ အလိုဆန္ဒကို ကိုယ်က တတ်နိုင်သမျှ လိုက်လျောဆောင်ရွက်ဖို့ လိုတယ်။ တစ်ဖက်သားက ခပ်ရိုင်းရိုင်း ဆက်ဆံတာကို ကိုယ်ကသိက္ခာရှိရှိနဲ့ ယဉ်ယဉ်ကျေးကျေး ပြောဆိုဆက်ဆံရင် သူ့ဘက်က လျှော့သွားလိမ့်မယ်။ ဒါမှမဟုတ်ရင်၊

စော်စော်ကားကား ပြောလားဆိုလားလုပ်ရင် ကိုယ်က ဒေါသထိန်းပြီး တုံ့ပြန်သင့်သလို တုံ့ပြန်ရမယ်။

ဘဝမှာ တကယ်တမ်းအောင်မြင်တဲ့ လူတွေမှာ ဖော်ရွေမှု၊ ရည်မွန်မှု ရှိတာပါပဲ။ ကိုယ့်ဓနဂုဏ်၊ ပညာဂုဏ်၊ ရာထူးဂုဏ်တွေ မွန်နေတဲ့ လူမျိုးကို ရှောင်နိုင်ရင် ရှောင်ပါ။ မရှောင်နိုင်ရင် ကိုယ့်ဘက်က သည်းခံမှုအပြည့်နဲ့ ပြောဆိုပြုမူရမယ်။ ရိုင်းစိုင်းမှုကို ရည်မွန်မှုနဲ့ အနိုင်ယူပါ။ လူတွေထဲမှာ ရိုင်းစိုင်းသူတွေ ရှိမှာပဲ။ အဲဒီ မာနသားကောင်တွေကို မလွှဲမရှောင်ရင် သည်းခံမှုနဲ့ ရည်ရည်မွန်မွန် ဆက်ဆံပါ။ သူရိုင်းချင်သလောက် ရိုင်းပါစေ။ ငါက ခပ်တည်တည်နဲ့ ပြောသင့်ပြောရာ ပြောပြရလိမ့်မယ်။ မင်းတို့တစ်တွေ ရိုင်းသူတွေ၊ ယဉ်သူတွေ တွေ့ဖူးမှာပေါ့။ သေသေချာချာ လေ့လာပါ။ အတုယူသင့်တာ ယူပါ။ နမူနာနဲ့ ပညာယူပါ။ Learn by example အဲဒီလိုစံထားပြီး အတုယူတာလည်း ပညာဆည်းပူခြင်း နည်းတစ်မျိုးပေါ့။

ဖော်ရွေတယ်၊ ရည်မွန်တယ်ဆိုတာ လူကြီးရော လူငယ်တွေရော အားလုံးနဲ့ဆိုင်တယ်။ ဖော်ရွေ ရည်မွန်တဲ့လူဟာ မိတ်ဖြစ်ချင်စရာ ကောင်းပါတယ်။ သူတို့ဟာ နဂိုသဘောထားကိုက ရိုးသားတယ်။ စေတနာမှန်တယ်။ မေတ္တာတရား ရှေ့ထားတယ်။ အဲဒါဟာ ကျင့်ယူလို့ ရပါတယ်။ ဒေါသကို ထိန်းနိုင်သလောက် ထိန်းရမယ်။ မာနကို ချိုးနှိမ်ရမယ်။ အရာရာမှာ ငုံ့ခံဖို့ မဟုတ်ဘူး။ ကိုယ်က တုံ့ပြန်ရာမှာ သူဆိုသလို ပြန်မဆိုဘဲ ကိုယ်က သိက္ခာရှိရှိ တည်တည်ကြည်ကြည် ရဲရဲဝံ့ဝံ့ပြောဆို ပြုမူရလိမ့်မယ်။ ဒီလိုမှမဟုတ်ရင် သူနဲ့ကိုယ် အတူတူပါပဲလို့ အများက အထင်မှားတာ မှန်တာကို ပဓာနမထားပေမဲ့ အထင်မမှားစေဖို့ ကိုယ့်ဘက်က လွန်တာမှားတာ ကင်းဖို့လိုပါတယ်။

မင်းတို့တစ်တွေ လူကြီးတွေကို ရိုရိုသေသေ ဆက်ဆံ၊ ပြောသင့်ပြောရာ ပြောစရာကို တည်ကြည်ရည်မွန်စွာ ပြောရမယ်။ ဖော်ရွေတာ ရည်မွန်တာဟာလည်း ဆောင်ရွက်ရမယ့် လူ့ကျင့်ဝတ် လူ့တာဝန်ပါပဲ။

အမြင်မှန် ရှိပါစေ

လူနှစ်ယောက်ရှေ့မှာ ဖန်ခွက်တစ်ခွက်ရှိသည်။ ဖန်ခွက်ထဲ၌ ရေတစ်ဝက်ရှိသည်။ ပထမလူက "ဖန်ခွက်တစ်ဝက်ပြည့်နေတယ်"ဟု ဆို၏။ ဒုတိယလူက "ဖန်ခွက်တစ်ဝက်လျော့နေတယ်"ဟု ဆို၏။

သူတို့သည် အပြုဝါဒီနှင့် အပျက်ဝါဒီများ ဖြစ်ကြသည်။ (အင်္ဂလိပ်လို Optimist နှင့် Pessimist ခေါ်ကြသည်) ဘယ်သူက မှန်သလဲ၊ နှစ်ယောက်လုံးမှန်သည်။ ဖန်ခွက်၌ ရေတစ်ဝက်ရှိသည်မှာ မငြင်းသာပေ။ သို့သော် သူတို့၏အမြင်မှာ ပြောင်းပြန်ဖြစ်သည်။

ဆိုလိုတာကတော့ အကြောင်းခြင်းရာ၊ အရာဝတ္ထု စသည်ကို အမြင်ခြင်းမတူပေမဲ့ သူတို့အမြင်နဲ့ သူတို့ ပြောကြတာ မှန်တာပဲ။ ဘယ်သူ့ကို အမှန်အမှတ်ပေးရမလဲ၊ နှစ်ယောက်လုံး သူ့အမြင်နဲ့သူ မှန်ကြတာမို့ အမှတ်ငါးဆယ်စီ ခွဲပေးရလိမ့်မယ်။

သူတို့အမြင် နှစ်မျိုးလုံးကို ခြုံမြင်တဲ့ လူတစ်ယောက်ရှိရင် သူ့ကို အမှတ်တစ်ရာ ပေးရမယ်။ သူက ဖန်ခွက်ကို ကြည့်ပြီး "ဖန်ခွက်ထဲမှာ တစ်ဝက်သာရှိသေးတယ်၊ ပြည့်အောင် ဖြည့်လိုက်ပါ"လို့

ပြောတယ်။ အဲဒါ အမှန်ဆုံးပဲ။ အဲဒီလို နှစ်ဖက်မြင်တာ အမှန်ဆုံး ပေါ့။

တစ်ဝက်ပြည့်နေတယ်ဆိုပြီး ကျေနပ်နေတာရော၊ တစ်ဝက် လျော့နေတယ်ဆိုတာပါ နှစ်မျိုးမြင်တတ်တဲ့ တတိယလူသား အမြင်မှန်နဲ့ အဖြေမှန်ကို ရှာတတ်တယ်။ အပြုမြင်ဝါဒီက ဖြစ်သမျှ၊ ရသမျှနဲ့ ကျေနပ်နေတာဟာ ဘဝပြဿနာတွေကို မှန်တဲ့အဖြေ မပေးနိုင်ဘူး။ ဖြစ်သမျှအကြောင်း အကောင်းချည်းပဲ ဖြစ်သလိုနေပြီး အထူးအထွေ မကြိုးစားရင် တိုးတက်မှုရမှာမဟုတ်ဘူး။ ရတာနဲ့ ကျေနပ်ရောင့်ရဲတာနဲ့ ပေါ့ပေါ့နေ၊ ပေါ့ပေါ့စားတာမျိုးနဲ့ မတူပါဘူး။ လူ့ဘဝမှာ လူတွေဟာ ဘဝအခြေအနေ ကောင်းသည်ထက်ကောင်းအောင် အလုပ်လုပ်ပြီး တိုးတက်ရေးအတွက် ကြိုးစားရမယ်။ ကြံ့သလိုနေပြီး ပျော်ပျော်နေ ကာ ပေါ့နေရင် ဘဝအခြေအနေ တိုးတက်မှုရှိမှာ မဟုတ်ဘူး။

ပြီးတော့ တစ်ဖက်က အပျက်မြင်ပြီး စိတ်ဓာတ်ကျနေရင်လည်း တိုးတက်မှု ဘယ်ရှိမှာလဲ။ အပျက်မြင်ရင် အပျက်ကို အဖြစ်အခြေအနေ ရောက်အောင် ကြိုးစားရလိမ့်မယ်။ ကိုယ့်အတွက်ရော၊ သူတစ်ပါး အတွက်၊ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုးအတွက် နည်းများမဟူ တတ်နိုင် သလောက် ကြိုးပမ်းအားထုတ် အလုပ်လုပ်ရမယ်။

အပျက်မြင်ရော အဖြစ်ကိုပါ တွဲပြီးမြင်တဲ့ ဖြစ်ပျက်မှု နှစ်မျိုး လုံးကို တွေ့မြင်သုံးသပ်ပြီး အပြုလျော့မသွားအောင် ထိန်းသိမ်း၊ အပျက် ကို အပြုအဖြစ်ရောက်အောင် ကြိုးပမ်းဆောင်ရွက်ရမယ်။ ဒါမှ "တကယ့် လူ"၊ လူသားတွေဟာ ပြည့်စုံတဲ့ဘဝကို ရကြတာမဟုတ်ဘူး။ တစ်ဖက် မှာ ပြည့်စုံတယ်ဆိုဦးတော့ တစ်ဖက်မှာ လျော့နေတတ်တယ်။ ငွေကြေး ရှိတိုင်း ပြည့်စုံတာမဟုတ်ဘူး။ ပညာတတ်ရမယ်၊ အလုပ်အကိုင် ကျွမ်းကျင်ရမယ်၊ လုံ့လဝီရိယ ရှိရမယ်။ ဉာဏ်ရှိရမယ်။ အဲဒါတွေကို

တစ်ဘဝလုံး ဖြည့်ဆည်းနေရမယ်။ "လူ့သမိုင်းကို လူတွေက အလုပ်လုပ်ပြီး ပြုစုရမယ်"လို့ ပညာရှင်ကြီးတစ်ဦးက ဆိုဖူးပါတယ်။ "ငှက်က ပျံရင်းသေရတယ်၊ လူက ကြံရင်း သေရတယ်"ဆိုတဲ့ မြန်မာဆိုရိုးစကား ရှိပါတယ်။ အဓိပ္ပာယ်က အမြဲတမ်း ဉာဏ်နဲ့ ဝီရိယနဲ့ ကြိုးပမ်းဆောင်ရွက်နေရမယ်လို့ ဆိုလိုတာပဲ။

လူတွေရဲ့ ကိုယ်ပိုင်ပစ္စည်းဟာ ဉာဏ်နဲ့ ဝီရိယပါပဲ။ ဝီရိယကို အများဆုံးထုတ်ရင် ဉာဏ်ကလည်း ထက်မြက်သွက်လက်လာပါလိမ့်မယ်။ ကြိုးစားတဲ့သူဟာ အောင်မြင်တာပဲ။ ဉာဏ်ကိုလည်း ကြိုးစားပြီး မှန်မှန်ကန်ကန် တွေးတောပြီး အသုံးပြုရင် ဉာဏ်ထက်မြက်လာပါလိမ့်မယ်။ ကြိုးစားရမှာက ကိုယ့်တာဝန်ပါ။ ဘယ်သူကမျှ ကိုယ့်အတွက် ကြိုးစားလို့ မရနိုင်ဘူး။ အလွန်ဆုံး အကူအညီ၊ အထောက်အပံ့ပေးနိုင်ရုံပဲ ရှိတယ်။

ဉာဏ်တူတယ်ပဲထား၊ ဝီရိယကောင်းသူဟာ ဝီရိယအကျိုးတော့ ခံစားရတာပဲ။ ဉာဏ်လည်း ထက်မြက်လာနိုင်တယ်။ သိပ်ကံဆိုးတဲ့လူသာ မွေးရာပါမို့ ဉာဏ်ထိုင်းနေတာ ဖြစ်မယ်၊ ရှားပါတယ်။ လူတိုင်းမှာ အထိုက်အလျောက် ဉာဏ်ရှိတာပဲ။ သုံးပါများရင် ထက်မြက် သွက်လက်လာပါတယ်။

လူငယ်လူရွယ်တွေဟာ ကိုယ့်ကိုယ်ကိုယ် အထင်မသေးရဘူး။ အထင်လည်း မကြီးသင့်ဘူး။ မာနကြီးရင် ရှုံးရာကျလိမ့်မယ်။ မာနကြီးတဲ့လူဟာ သူမကြားအောင် ပြောရရင် အရူးပဲ။ သူကြားသွားရင် ဒေါပွနေဦးမယ်။ အခြေအနေအရ အမြင့် ရောက်ချင် ရောက်မယ်။ အဲဒီအခါ လူသာရောက်ပါစေ။ စိတ်မှာ မာနမြင်းမိုရ် မမောက်ဖို့ ကြိုးစားနှိမ်ပါ။ အနိမ့်မှာ နေရနေရ၊ အမြင့် တက်ရတက်ရ စိတ်က မူမှန်ဖို့လိုတယ်။ နှိမ့်ချခြင်းဟာ အကောင်းဆုံးပဲ။ မြင့်လည်း

အကြောင်းမထူးဘူး၊ နိမ့်လည်း မထောင်းသာဘူး။ အနေမှန်တော့ လူရိုသေတာပေါ့။ လောကခံရဲ့ အမြင့်ဒဏ်နဲ့ အနိမ့်ဒဏ် နှစ်မျိုးလုံးကို ခံနိုင်ရည်ရှိတာပေါ့။

အင်္ဂလိပ်လို ပိုတတ်စေချင်တယ်

မြန်မာစာတော့ တတ်ပြီးသားဖြစ်လို့ ဆိုစရာ မရှိလှပါဘူး။ 'မရှိလှပါဘူး'လို့ဆိုတာ ရှိတော့ ရှိတာပဲ။ အခုတော့ 'ခဏထားလိုက်ဦး'လို့ ဆိုလိုရာရောက်တယ်။ အင်္ဂလိပ်စာကို တတ်အောင် ကြိုးစားဖို့ လိုသေးတယ်လို့ ဆိုချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အင်္ဂလိပ်စာနဲ့ စကားဟာ အခု မင်းတို့ခေတ်မှာ 'နိုင်ငံတကာ အရန်ဘာသာစကား' International Auxiliary Language ဖြစ်နေပြီ။ တကယ်တော့ အခုအခါမှာ အင်္ဂလိပ်စကားနဲ့ စာဟာ အင်္ဂလိပ်လူမျိုးရဲ့ တိုင်းရင်းသား ဘာသာစကားဖြစ်ပေမဲ့ အင်္ဂလိပ်စာနဲ့ စကားကို နိုင်ငံတကာမှာ အနှံ့အပြားသုံးနေရပြီး နိုင်ငံအချင်းချင်း၊ လူမျိုးချင်းချင်း ဆက်သွယ်မှုတွေ ကျယ်ကျယ်ပြန့်ပြန့် ပြုနေကြရပြီ။

ခေတ်ပြောင်းချိန် ရောက်နေပြီ။ အခြားနိုင်ငံ လူတွေနဲ့ တွေ့ကြုံ ဆက်ဆံနေကြရပြီ။ ဈေးကွက်စီးပွားရေးစနစ် ထွန်းကားလာတော့၊ နိုင်ငံတကာ ဆက်သွယ်ရေးစနစ် ထွန်းကားလာတော့ နိုင်ငံတကာ ဆက်သွယ်ရေးဟာ ပိုပြီး ကျယ်ပြန့်လာတယ်။ ဈေးကွက်စီးပွားရေးအတွက်

ချည်း မဟုတ်ဘူး။ တခြားအရေးကိစ္စတွေမှာလည်း နိုင်ငံတကာနဲ့ ဆက်သွယ်မှု ပြုနေကြရပြီ။ မရှောင်သာဘူး။ ဒီတော့ မင်းတို့ကို အင်္ဂလိပ်စာနဲ့ စကားကို အထူးဂရုစိုက် လေ့လာသင်ကြားစေချင်တယ်။ အင်္ဂလိပ်စာ တတ်ရုံကလေးမဟုတ်ဘူး၊ တတ်ကျွမ်းမှုရနိုင်သမျှ ရအောင် ကြိုးစားကြရမယ်။

ပညာရေးဘက်မှာ တက္ကသိုလ်ပညာ ဘွဲ့ရရုံနဲ့ ပညာရေးကိစ္စ မပြီးသေးဘူး။ ပညာဆိုတာက တစ်သက်လုံး သင်ယူဆည်းပူးမှု ပြုရလိမ့်မယ်။ ဆည်းပူးစပြုပြီဆိုရင် ဆက်လက် ဆည်းပူးရမှာဖြစ်တယ်။ ပညာကို အာရုံစူးစိုက်မိပြီဆိုရင် အထူးတိုက်တွန်းဖို့ မလိုတော့ဘူး။ ကိုယ့်ကိုယ်တိုင်က အမြဲတိုက်တွန်းနေမှာပါ။ ပညာဆည်းပူးရတဲ့ အလုပ်ဟာ အလွန်ပျော်စရာကောင်းပါတယ်။ တာဝန်အလုပ်မဟုတ်တော့ဘဲ 'ဝါသနာအလုပ်' ဖြစ်သွားမှာ သေချာပါတယ်။

အင်္ဂလိပ်စာနဲ့ စကားကို လေ့လာခါစမှာ နည်းနည်း ဝန်လေးသလို ဖြစ်ချင်ဖြစ်မယ်။ နောက် အရှိန်ရတော့ တာဝန်အလုပ်ရယ်လို့ မဟုတ်တော့ဘူး၊ ပျော်စရာ ဝါသနာအလုပ်ဖြစ်ပြီး မလုပ်ရမနေနိုင် ဖြစ်လာပါလိမ့်မယ်။ ကြိုးစားလုပ်စမ်းပါ။

အင်္ဂလိပ်စာနဲ့ စကားမှာ စာကို အလေးထားပြီး သင်ယူလေ့လာပါ။ စကားက နောက်ကလိုက်လာပါလိမ့်မယ်။ အင်္ဂလိပ်စာကို သင်ယူရာမှာ အဘိဓာန်ရယ်၊ သဒ္ဒါရယ်၊ အီဒီယမ်ရယ်။ အဲဒီ သုံးမျိုးကို အရင်းခံထားပါ။ တာရှည်အလုပ်ဖြစ်လို့ စိတ်ဝင်စားလာအောင် ကိုယ့်ကိုယ်ကိုယ် အမြဲတိုက်တွန်းပါ။

အင်္ဂလိပ်စာ တတ်သည်ထက် တတ်အောင် ကြိုးစားပါ။ အခုတင်ကပြောတဲ့ မဏ္ဍိုင်သုံးခုကို တည်ဆောက်ကြပါ။ ဝေါဟာရတစ်လုံးကို မသိရင် အဘိဓာန်လှန်ကြည့်ဖို့ မနှောင့်နှေးပါနဲ့။ ဝေါဟာရတွေဟာ

အဘိဓာန်စာအုပ်ထဲမှာ အောင်းနေတာ ကိုယ်ပိုင်မဟုတ်ဘူး။ ကိုယ်ပိုင်ဖြစ်အောင် လေ့ကျင့်ဖို့လိုပါတယ်။

စာများ အခွင့်ကြုံတိုင်း ကိုယ့်မှတ်စု စာအုပ်ထဲ ရေးထည့်ထားပါ။ စာကိုတော့ ဆက်ဖတ်၊ ဆက်ဖတ်ပြီးတော့မှ အဘိဓာန်ထဲမှာ မှတ်ထားတဲ့ ဝေါဟာရကိုရှာပြီး ဝေါဟာရနဲ့ အနက်အဓိပ္ပာယ်ကို မှတ်စုစာအုပ်ထဲ ရေးမှတ်ထား၊ ဥဒါဟရဏ်လေးလည်း ရေးမှတ်ထား၊ နောက်တော့ အချိန်ရတဲ့အခါမှာ ပြန်ဖတ်ပြီး မှတ်မိအောင် လုပ်ထား။ အဲဒီ ဝေါဟာရတွေဟာ ကိုယ်ပိုင်ဝေါဟာရတွေ ဖြစ်သွားမယ်။ အဲဒီလို ကိုယ် ပိုင်ပိုင်နိုင်နိုင် အသုံးပြုနိုင်တဲ့ ဝေါဟာရအစုအဝေး (Vocabulary) တိုးပွားလေလေ အင်္ဂလိပ်စာတတ်ကျွမ်းမှု တိုးတက်လေလေ ဖြစ်မယ်။

အင်္ဂလိပ်စာတွေ များများဖတ်တဲ့ အကျိုးတစ်ခုက ဖတ်ရတဲ့စာတွေဟာ ဝါကျတွေ အစီအစဉ်နဲ့ စုစည်းရေးသားထားတာမို့ 'ဝါကျပုံစံများ'(Sentence Patterns)တွေမှာ ကျွမ်းကျင်လာလိမ့်မယ်။ အဲဒီ ဝါကျပုံစံတွေကို လေ့လာရင် အင်္ဂလိပ်လို ရေးတတ်လာလိမ့်မယ်။ ရေးစမ်းကြည့်ပါ။ အစတော့ အက်ဆေးတိုလေးတွေ ရေးကြည့်။ ကျင့်သားရတော့ ကိုယ်ရေးချင်တာ ရေးကြည့်ပေါ့။ တတ်နိုင်ရင် ကိုယ့်ထက်တတ်တဲ့လူကို စစ်ကြည့်ဖို့ တောင်းပန်။ သူက အမှားတွေ ပြင်ပေးတာကို သေသေချာချာ မှတ်သားထား။

အချိန်ရတိုင်း အဘိဓာန်ကို အပျော်တမ်းသဘောမျိုးနဲ့ ကြည့်ပါ။ ပျော်စရာကောင်းပါတယ်။ အဘိဓာန် စာမျက်နှာ တစ်မျက်နှာမှာ ဝေါဟာရတွေဟာ အကြောင်းအမျိုးမျိုးနဲ့ သက်ဆိုင်တယ်။ အသုံးအနှုန်းအမျိုးမျိုးကို တွေ့ရပါလိမ့်မယ်။ တို့ အခုထက်ထိ ပျင်းရင် 'အဘိဓာန်ဖတ်တယ်' တခြားစာအုပ် ဖတ်ရတာထက် ပိုပြီး အကြောင်းမျိုးစုံ သိနိုင်တယ်။

ဝေါဟာရတွေ ဘယ် ဘာသာစကားမှာပဲဖြစ်ဖြစ် အားလုံးဟာ အနက်အဓိပ္ပာယ်တွေ ထွက်လာတာမို့ သိပြီးသားဖြစ်ရင်လည်း ပိုသိ၊ ပိုမှတ်မိတယ်။ မသိရသေးတဲ့ ကိုယ့်အဖို့ အသစ်ဖြစ်တဲ့ ဝေါဟာရတွေ တွေ့ရတော့ မိတ်သစ်ဆွေသစ် မိတ်ဆွေဖြစ်ရသလို ဝမ်းသာရတယ်။ အဲဒီလိုနဲ့ တဖြည်းဖြည်း ရင်းနှီးလာလိမ့်မယ်။ ကိုယ်ပိုင်ဝေါဟာရဆိုတာ ကိုယ်တိုင် အသုံးပြုနိုင်တဲ့ စကားလုံးတွေဖြစ်လာတော့ စာရေးရတာ အားရစရာဖြစ်တယ်။

အင်္ဂလိပ်စာတတ်ရင် စကားပြောတတ်ပါတယ်။ အင်္ဂလိပ်စာကို နိုင်နိုင်နင်းနင်း မတတ်ဘဲ စကားပြောတွေ ကျက်ထားရုံနဲ့ ကိစ္စမပြီးဘူး။ အဲဒီအကြောင်း နောက်တစ်ပတ် ဆက်ပြောပါဦးမယ်။

ရိုးသားခြင်းနှင့် ရိုးသားမှု

"ရိုးသားခြင်း"ဆိုတာ နဂိုအတိုင်းက ရိုးသားတဲ့အဖြစ်၊ "ရိုးသားမှု" ဆိုတာကတော့ ရိုးသားဖြောင့်မတ်မှုကို ပြုခြင်း၊ ဆိုလိုတာက နဂိုရိုးသားခြင်းကို "ရိုးတယ်"လို့သာ ဆိုတယ်။ ရိုးတာကို အတာနဲ့ အဓိပ္ပာယ်တူတဲ့သဘောနဲ့ ပြောကြတာပါ။ ရိုးတယ်ဆိုတာ မရိုးသားတာ မလုပ်တတ်လို့၊ မလုပ်ဝံ့လို့ဆိုတဲ့ သဘောသက်ရောက်တယ်။ ဖောက်ပြန်နိုင်တယ်။ ဖောက်ပြန်တဲ့အခါ ရိုးသားမှုမရှိတော့ဘူး။ "ရိုးသားမှု"ကတော့ မရိုးမသား မပြောမဆို၊ မပြုမမူဖို့ ထိန်းတဲ့သဘော သက်ရောက်တယ်။ ရိုးသားခြင်းဆိုတာဟာ သိပ်အားမထားလောက်ဘူး။ လူလည် မဟုတ်သေးခင်သာ။ ရိုးတော့ မရိုးသားသေးဘူး။ မယုံနိုင်သေးဘူး။ အတဲ့သူ ပျက်စီးပြီး လူလည်ဖြစ်လာရင် ပိုဆိုးတယ်။

ရိုးသားမှုရှိသူကတော့ ကိုယ့်အကျင့်သိက္ခာကို အသိစိတ်ဓာတ်နဲ့ ထိန်းသိမ်းဖို့ မရိုးသားခွင့်သာစေဦးတော့ မရိုးမသား မလုပ်ဘူး။ အဲဒီလူကမှ စရဏဆိုတဲ့ ကိုယ်ကျင့်တရားကို လေးလေးစားစား ထိန်းသိမ်းတဲ့လူ။ ယုံကြည်အားထားနိုင်တယ်။ မင်းတို့ပတ်ဝန်း

ကျင်မှာ ရိုးအတဲ့လူတွေရှိတယ်။ သူရှုပ်မှ တကယ်ရှုပ်တာ။ အဖတ်ဆယ် မရအောင် ဆိုးဝါးတာ။ ရိုးအတဲ့လူဆိုတာဟာ အလို့ မဖောက်ပြန်တတ်လို့ ကောင်းနေတာ။ စာရိတ္တမခိုင်ဘူး။ မရိုးမသားလုပ်တယ်ဆိုရင် လုပ်နိုင်တဲ့လူ။ ဒါပေမဲ့ မရိုးမသားလုပ်တာကို ရွံမုန်းတဲ့လူ။ မရိုးသားမှ စားရမယ်ဆိုလည်း အင်တင်ခံမယ်၊ မရိုးမသားတော့ မလုပ်ဘူးဆိုတဲ့ သဘောရှိတဲ့ "စာရိတ္တ အာဇာနည်"တစ်ဦးလို့ ဆိုရပေမယ်။ အဲဒီမှာ "ရိုးသားခြင်း"ဆိုတဲ့အဖြစ်နဲ့ "ရိုးသားမှု"ဆိုတဲ့ အလုပ် ကွာခြားသွားတာ ထင်ရှားတယ်။ မင်းတို့လည်း တွေ့ဖူးကြမှာပေါ့။ ရိုးအည့ံတဲ့လူဟာ အပေါင်းအသင်း မကောင်းရင် ပျက်စီးတယ်။ ပျက်စီးပြီဆိုမှဖြင့် နဂိုကတည်းက မရိုးသားသူထက် ပိုဆိုးတယ်။

စာရိတ္တဆိုတာ "အကျင့်" အကျင့်ကောင်းဖို့က အကောင်းအဆိုး ခွဲခြားနိုင်တဲ့ ဉာဏ်ရှိမှဖြစ်မယ်။ အ တဲ့လူဟာ ဉာဏ်နည်းတော့ အပေါင်းအသင်းက ဆွဲဆောင်ရင် ပါလွယ်တယ်။ အရက်မသောက်တတ်ဘူးဆိုတာကို မယုံလိုက်နဲ့ဦး။ သောက်ကြည့်ဖူးတယ်။ အရက်သောက်တာ ကောင်းကျိုးမပေးဘူး။ **အရက်သမားဆိုတာ အရူးလိုပဲ။ ရုပ်ပျက်ဆင်းပျက်နဲ့ စည်းမဲ့ကမ်းမဲ့ ပြောတတ် လုပ်တတ်တယ်။ အဲဒါ ဘယ်ကောင်းမှာလဲ။ ငါတော့ အဲဒီလို အရူးအမိုက် မဖြစ်စေရဘူးလို့ အရက်ရဲ့ ဆိုးကျိုးကိုသိပြီး အရက်ကို ရှောင်တဲ့လူမှ လူတော်လူကောင်း၊ အကောင်းအဆိုး ခွဲခြားမသိဘဲ ဆွဲဆောင်ရာပါတဲ့လူဟာ လူတော်လူကောင်း မဟုတ်နိုင်ဘူး။** အရက်ဆို တာ စာရိတ္တပျက်ဖို့ အကြောင်းတစ်ခုပဲ။ အခြားအကြောင်းတွေ ရှိသေး တယ်။ ဘိန်းစွဲရင်တော့ အရက်ထက်ပိုပြီး ဆိုးသေးတယ်။ ဘိန်းစွဲတာ ဟာ ကိုယ့်ကိုယ်ကိုယ် ညှဉ်းပြီးသတ်တာနဲ့ အတူတူပဲ။

လူ့တန်ဖိုးဟာ အရေးပါတယ်။ လူတော်လူကောင်းဆိုတာ

လူတိုင်းဖြစ်နိုင်ပါတယ်။ ဉာဏ်ကြီးရှင်၊ ပါရမီရှင်ဖြစ်ဖို့ မလိုပါဘူး။ ရှေးကံ အကျိုးပေးလို့ဖြစ်ရင် ကောင်းတာပေါ့။ ဘာပြောစရာရှိလဲ။ ဒါပေမဲ့ လူအများဟာ သာမန်လူသားတွေပဲ။ သာမန်လူသားဖြစ်ရလို့ စိတ်အားမငယ်နဲ့။ သာမန်လူသားတွေထဲက လူတော်လူကောင်းတွေပါတယ်။ အများကြီးပဲ။ လူတော်လူကောင်းဖြစ်အောင် ဝိရိယကို တတ်နိုင်သမျှထုတ်ပြီး ကြိုးစားရမယ်။ ဝိရိယဆိုတာ လူရဲ့ အဖိုးတန်ဆုံး ဥစ္စာတစ်ခုပဲ။ ဝိရိယရှိမှ စွမ်းရည်ထက်မြက်မယ်။ ကြိုးစားလေ့လာသုံးသပ်ရင် ဉာဏ်ကောင်းလာမှာ သေချာတယ်။ ဉာဏ်ဆိုတာလည်း မင်းတို့ သိနေပြီးသားပဲ။ ဉာဏ်ကို ဓားနဲ့နှိုင်းတယ်၊ ဓားဟာ သွေးနိုင်မှ ထက်မယ်။ ဉာဏ်လည်း သွေးနိုင်မှ ထက်မယ်။

တွေးတယ်ဆိုတာ ဘယ်လိုလဲ။ လူတိုင်းဟာ တွေးတတ်တာချည်းပဲ။ လူဆိုတာ တွေးတတ်တဲ့ သတ္တဝါပဲလို့ ဆိုတယ်။ အတွေ့အကြုံ၊ အကြောင်းခြင်းရာ၊ ပြဿနာတွေဟာ လူတိုင်းမှာ အသီးသီးရှိကြတာပဲ။ အဲဒီလို တွေ့ကြုံရတဲ့အခါမှာ ကိုယ်က တွေးတောဆင်ခြင်ပြီး အခက်အခဲတွေကို ကျော်နင်းဖြတ်သန်းရမယ်။ ပြဿနာတွေကို ဖြေရှင်းရမယ်။ ဘဝက စိန်ခေါ်တာတွေကို လက်ခံတုံ့ပြန်ရမယ်။ လူ့ဘဝရဲ့ မလွဲမရှောင်သာတဲ့ တာဝန်ဝတ္တရားပဲ။

အခိုက်ကြုံလာတိုင်း ကိုယ့်မှာရှိတဲ့ ဉာဏ်နဲ့ ကိုယ်က အမြဲမှတ်သား ဆည်းပူးထားတဲ့ အတွေ့အကြုံ၊ ဗဟုသုတတွေကို အရင်းခံပြီး တွေးရမယ်။ အတွေးကို အတွေးနဲ့ စခေါ်တာကို "အတွေးအခေါ်" လို့ ခေါ်တယ်။ မင်းတို့ကျောင်းမှာ ပုဇ္ဆာတွေဟာ ပြဿနာတွေပဲ မဟုတ်လား။ အဲဒီပုဇ္ဆာပြဿနာတွေကို မင်းတို့ အဖြေရှာတာဟာ အတွေးအခေါ် အမြော်အမြင်တွေ ပွားများမှန်ကန်အောင် ဉာဏ်ထုတ်ပြီး စိစစ်ဝေဖန်သုံးသပ်ရမယ်။ အဲဒီပုဇ္ဆာတွေ၊ ပြဿနာတွေဟာ မင်းတို့ဉာဏ်ကို ထက်

သည်ထက် ထက်အောင်သွေးစေဖို့လို့ ပေးတာပဲ။

တွေးခေါ်မြော်မြင်ဆိုတဲ့စကားကို သတိပြုပါ။ တွေးဖို့ အတွေး အရင်းခံပြီး သက်ဆိုင်တဲ့အတွေးတွေကို ခေါ်ရမယ်။ ခေါ်ပြီး စိစစ်ဝေဖန်ပြီး အဖြေရှာရတယ် မဟုတ်လား။ ပြဿနာတစ်ခုပေါ်လာရင် **(What)** ဘာလဲ၊ **(When)** ဘယ်တုန်းကလဲ၊ **(Where)** ဘယ်မှာလဲ၊ **(How)** ဘယ်လိုဖြစ်တာလဲ၊ **(Why)** ဘာကြောင့်ဖြစ်တာလဲ။ **အဲဒီ ဘ ငါးလုံး လမ်းစဉ်အတိုင်း တွေးတောဆင်ခြင်ရမယ်။** စောစောကတည်းက အကြောင်းခြင်းရာတွေ၊ ကိုယ်တွေ့၊ သူတွေ့၊ စာတွေ့တွေကို ဆည်းပူးထားရမယ်။ အဲဒီဗဟုသုတကို အရင်းခံပြီး ပြဿနာဖြေရလိမ့်မယ်။

ပညာရှာတာ ပျော်စရာ

"လူဆိုတာ တွေးတတ်တဲ့ သတ္တဝါ"လို့ ဆိုတယ်။ မင်းတို့ မြင်ဖူးမှာပေါ့။ လူတစ်ယောက်ထိုင်ပြီး တွေးနေတဲ့ပုံ။ အဲဒီပုံဟာ အတွေးအခေါ်နဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေကို ရေးသားထားတဲ့ ဆောင်းပါး၊ ကြော်ငြာစာတန်းတို့ရဲ့ထိပ်မှာ ထည့်ထားတယ်လေ။ Man Thinkingလို့ စာတန်းထိုးထားတယ်လေ။ လူတစ်ယောက် ခုံပေါ်ထိုင်ပြီး လက်တစ်ဖက်က နဖူးကိုကိုင်ပြီး ခေါင်းအောက်စိုက်နေတယ်။ တွေးနေတဲ့ပုံပါပဲ။

လူနဲ့ တိရစ္ဆာန်တို့ရဲ့ ကွာခြားချက်ကတော့ အတွေးအခေါ်ပါပဲ။ လူမှာသာ အတွေးအခေါ်ရှိတယ်။ အဲဒီလို တွေးတတ်ပြီး သင့်မသင့်၊ မှန်မမှန် ခွဲခြားတတ်မှသာ လူပီသတယ်။ အဲဒီလို ခွဲခြားသိမြင်တာဟာ "အသိစိတ်ဓာတ်"ကြောင့်ပဲ။ အဲဒီလို အသိမျိုးရဖို့ လူမှာဉာဏ်ရှိတယ်။ ဉာဏ်ကို အသုံးပြုပြီး စဉ်းစားတာ၊ တွေးတောတာ၊ တွေးတောလို့ သာမန်အနေနဲ့ မမြင်နိုင်တဲ့ သဘောတရားတွေကို မြင်တတ်တာကို အသိစိတ်ဓာတ်လို့ ခေါ်တယ်။ အသိ

စိတ်ဓာတ်ဟာ လူရဲ့ ထူးခြားတဲ့ ဝိသေသတစ်ခုပဲ။ အလွန်အဖိုးတန်တဲ့ ဥစ္စာတစ်ခုဖြစ်တယ်။

ဦးနှောက်မှာ အတွေးအမြင်တွေ၊ အသိတွေ၊ ဆန္ဒတွေ၊ စေတနာတွေဟာ စိတ်အနေအထားကို ပြုပြင်ပေးတယ်။ စိတ်ဆိုတာ မြင်ရတဲ့ ဥစ္စာမဟုတ်ပေမဲ့ စိတ်ဟာ ဘဝမှာ အဓိကပဲ။ ရုပ်ရှိရင် နာမ်ရှိရတယ်။ သတ္တဝါတွေမှာ စိတ်ရှိတာပဲ။ ဒါပေမဲ့ စိတ်ကတွေ့၊ ထိတွေ့၊ ကြားသိရတာတွေ ရှိတယ်။ အဲဒါတွေဟာ နာမ်ရဲ့ ပစ္စည်းတွေပဲ။ အဲဒီပစ္စည်းတွေကို ဦးစီးတာက ဉာဏ်ဖြစ်တယ်။ လူသားတွေမှာ ဉာဏ်ရှိကြတယ်။ ဉာဏ်က အသိကို ဖြစ်စေတယ်။ ဉာဏ်အင်အား ကောင်းတယ်ဆိုရင် အသိစိတ်အားလည်း ထက်သန်တာပဲ။

ဉာဏ်ဟာ လူတွေမှာ ရှိကြတာချည်းပဲ။ ဒါပေမဲ့ ဉာဏ်မှာ အဆင့်ဆင့်ရှိတယ်။ ဉာဏ်ကောင်းတယ်၊ ဉာဏ်ညံ့တယ်ဆိုတာဟာ မွေးရာပါမို့ ဗုဒ္ဓဘာသာဝင်တွေကတော့ ရှေးရှေးဘဝတွေက ပါလာတဲ့ ကောင်းမှုကုသိုလ်အင်အား အနည်းအများပေါ်မှာ တည်တယ်လို့ ဆိုကြတယ်။ ယုံကြည်ကြတယ်။ အခြားဘာသာဝင်တွေမှာလည်း သူတို့နည်းအရ အသိအမှတ်ပြုကြတယ်။

မင်းတို့လည်း ကျောင်းမှာ တွေ့ဖူးမှာပေါ့။ တချို့ဟာ ဉာဏ်ထိုင်းတယ်။ တချို့ကတော့ ဉာဏ်ထက်တယ်။ များသောအားဖြင့် ဉာဏ်သာမန်အဆင့် ရှိကြတာပါပဲ။ ဘယ်လိုပဲဖြစ်ဖြစ် အသိစိတ်ရှိအောင် ကြိုးစားရင် ဉာဏ်အဆင့်လည်း တက်လာနိုင်မှာပါ။ သင်လို့မရတဲ့ လူမျိုးတစ်ယောက်တလေ ရှိတတ်ပါတယ်။ ဒါပေမဲ့ ရှားပါတယ်။ လူဖြစ်လာတယ်ဆိုကတည်းက များသောအားဖြင့် သာမန်ဉာဏ်အဆင့်တော့ ရှိကြတာပါပဲ။

ဆိုလိုတာကတော့ ဉာဏ်ဟာ လူတိုင်းအဖို့ အဖိုးတန်တဲ့

မွေးရာပါ ဉစ္စာပါပဲ။ လူကြီးများက ဉာဏ်ကို ဓားနဲ့ နှိုင်းကြတယ်။ မှန်ပါတယ်။ ဉာဏ်ကို ဓားလိုသွေးရင် ထက်လာပါတယ်။ သွေးဖို့ ကတော့ အားထုတ်ရမယ်။ တစ်နည်းဆိုရင် ဉာဏ်ကို ဝိရိယနဲ့ သွေးရလိမ့်မယ်။

လူတွေဟာ လူမမည်ဘဝ လွန်ခါစကတည်းက ကျောင်းသွားကြရတယ်။ မိဘတွေ ဆင်းရဲလွန်းလို့ သူတို့သားသမီးကို ကျောင်းမထားနိုင်ဘူးလို့ မရှိရအောင် လူ့အဖွဲ့အစည်းမှာ ပညာရေးအတွက် လုပ်ငန်းကြီးတစ်ခုအဖြစ် ဆောင်ရွက်ကြရတယ်။ နိုင်ငံတိုင်းရဲ့ အုပ်ချုပ်မှုတာဝန်တွေထဲမှာ ပညာရေးဟာ အဓိကကိစ္စတစ်ခု ဖြစ်တယ်မဟုတ်လား။ အဲဒါ မင်းတို့သိပြီးသားလေ။ မင်းကိုယ်တိုင် အခု ကျောင်းနေကြရပြီး ကျောင်းငယ်၊ ကျောင်းလတ်၊ ကျောင်းကြီးတက်ပြီးတဲ့အခါမှာလည်း အတတ်ပညာတွေ ဆက်သင်ကြရတယ်။ အသိပညာအတွက်လည်း စာပေဗဟုသုတတွေ ဆည်းပူးကြရတယ်။ လူပီသဖို့အရေးမှာ ပညာတတ်မြောက်ရေးဟာ ဘဝရဲ့ ထာဝရ အဓိကလုပ်ငန်းတစ်ခုပဲ မဟုတ်လား။

ကျောင်းစာတွေဟာ ပညာရေးမှာ အခြေခံပဲ။ ကျောင်းစာက အစပျိုးပေးတာပါပဲ။ ကျောင်းပညာသင်ပြီးလို့ သတ်မှတ်ထားတဲ့အတိုင်း အတန်းတွေကို ကျော်လွန်ပြီး ဘွဲ့တွေရကြပြီ။ စာမေးပွဲတွေ အောင်ပြီးပြီ။ ဒါနဲ့ ပညာရေးကိစ္စပြီးရောလို့ မမှတ်လိုက်နဲ့။ ပညာရေးဆိုတာ တစ်သက်လုံး အဆက်မပြတ် လုပ်ဆောင်မယ့် ကိစ္စဆိုတာ သိကြစေချင်တယ်။ အနောက်တိုင်းက ကမ္ဘာကျော်စာရေးကြီး "ဂျန်မစ်ချနား"ဟာ ဒေါက်တာဘွဲ့ နှစ်ထပ်ကွမ်း၊ သုံးထပ်ကွမ်းရပြီးပါပြီ။ သုတေသနလုပ်တာလည်း အများကြီး။ Thesis ကျမ်းပြုလိုက်ရတာလည်း တပင်တပန်းပဲ။ ဒေါက်တာဘွဲ့အတွက် ပါမောက္ခကြီးသုံးယောက်နဲ့တွေ့ပြီး အစစ်ခံရပြီး

နောက် ဒေါက်တာဘွဲ့ပေးဖို့ ထောက်ခံရာမှာ ပါမောက္ခကြီးတစ်ဦးက ပြောတယ်တဲ့။ "အခု မင်း ပညာ ဗဟုသုတ ရတန်သလောက်ရပြီ။ အခု အခြေအနေအတိုင်းဆိုရင် မင်း ပညာဆက်ဆည်းပူးဖို့ သင့်တော်ပြီ" လို့ ဆိုသတဲ့။

ပါမောက္ခကြီးရဲ့စကားမှာ အလွန်လေးနက်တဲ့ အဓိပ္ပာယ်ရှိတယ်။ ဆိုလိုတာက တကယ့်ပညာရှိဖြစ်ဖို့ မင်း တစ်သက်လုံး ဆက်လုပ်ဖို့ အခြေခံကောင်းတွေ ရပြီ၊ ဆက်လုပ်ပါလို့ ဆိုလိုတာပါပဲ။ ဒေါက်တာဘွဲ့ဆိုတဲ့ အမြင့်ဆုံးဘွဲ့ရပြီ။ တစ်ကြိမ်မက နှစ်ကြိမ် သုံးကြိမ်ရပြီ။ ဒါနဲ့တောင် ပညာရှိ မဖြစ်သေးဘူးလား။ ဆက်ပြီး ဆည်းပူးရန်လိုသေးတယ်တဲ့။ အဲဒီစကားဟာ ပညာဆိုတာ တစ်သက်လုံး ဆည်းပူးရမယ့်ကိစ္စပါပဲ။

ဒီလိုဆိုတော့ မင်းတို့ အတော်ဟိုက်သွားမယ်။ ဒါပေမဲ့ ဒီစကားဟာ အမှန်ပါပဲ။ ပညာဆိုတာ သင်လို့မကုန်နိုင်ဘူး။ ဘွဲ့ရရုံနဲ့ ကိုယ့်ကိုယ်ကိုယ် ဟုတ်လှပြီ မမှတ်လေနဲ့လို့ ဆိုလိုလိုက်တာပါပဲ။ ဘွဲ့ရပြီး မာနတက်နေတဲ့လူတွေ မနည်းဘူး သူတို့ သိချင်ပါတယ်။ မင်းတို့လည်း ပညာကို တစ်သက်လုံး ဆည်းပူးကြပါ။ စာများများဖတ်ပြီး မှတ်ပါ။ တွေးတောဆင်ခြင်ပါ။ အဲဒီအလုပ်ဟာ မင်းတို့ရဲ့ အလုပ်အကိုင်တွေအတွက် အချိန်မထိခိုက်ပါဘူး။ ဝါသနာလုပ်ငန်းအတွက် အားလပ်ချိန်ဟာ ဝါသနာအတွက် အချိန်ပါပဲ။ စာများများဖတ်၊ တွေးအားကောင်းအောင် တွေးပါ။ အတွေးပညာရှင်ကြီးတွေရဲ့ စာတွေကို အထူးဂရုစိုက်ဖတ်ပါ။ ပညာရှာတဲ့အလုပ်ဟာ အားရကျေနပ်စရာပါ။ ပျော်မွေ့စရာပါ။

ဘဝဦးတည်ချက်များ

အခြေခံ ပညာသင်ကျောင်းတွင် အထက်တန်းသို့ ရောက်စက ဆရာက အက်ဆေးရေးကျင့်ရာတွင် My Ambition ဆိုတဲ့ အက်ဆေးကို ရေးကြရတယ်။ အဲဒီ အက်ဆေးမှာ ကိုယ်ကြီးလာတဲ့အခါမှာ ဘာဖြစ်စေချင်သလဲလို့ မေးတဲ့သဘောမျိုးပေါ့။ I want to become a doctor, an engineer, a teacher စသည်ဖြင့် အက်ဆေးအစမှာ ရေးတတ်ကြတယ်။ အဲဒီလိုရေးတာဟာ ကိုယ့်ဆန္ဒကို ဖော်ပြခြင်းပဲပေါ့။ အဲဒီ ကြီးပြင်းလာတဲ့အခါ ကြီးပွားချင်တဲ့ဆန္ဒပဲ။ ကောင်းပါတယ်။ ဒါပေမဲ့ အဲဒီရည်ရွယ်ချက်ထက်ပိုပြီး အသေးစိတ်သဘောနဲ့ ပြည့်စုံအောင် ကြိုတင်စီစဉ်ဖို့လည်း လိုသေးတယ်။

အဲဒီလို ကြိုတင်စီစဉ်ပြီး လုပ်ငန်းစဉ်ချမှတ်တဲ့ သဘောကိုလည်း စဉ်းစားလျှာထားနိုင်ရင် ကောင်းမှာပဲ။ အဲဒီလို ကြိုတင်စီစဉ်မှုတွေဟာ တကယ်တော့ ကိုယ့်ဘဝ ကြီးပွားတိုးတက်စေဖို့ ချမှတ်တဲ့ "ဦးတည်ချက်"တွေ ဖြစ်တယ်။ အဲဒီ ဦးတည်ချက်တွေကို အင်္ဂလိပ်လို Objectives လို့ခေါ်တယ်။ Ambition ထက် ပိုပြီး လက်တွေ့ကျတယ်လို့ ဆိုရလိမ့်မယ်။

ဒီစကားတွေဟာ "စကားလုံးကြီးပဲ"ပေါ့။ ဒါပေမဲ့ ဟိတ်ဟန်ထုတ်တာမျိုး မဟုတ်ပါဘူး။ လူ့ဘဝရောက်လာတော့ လူတစ်လုံး သူတစ်လုံးဖြစ်ဖို့ ကြိုးစားရတယ်။ ဘဝရဲ့အောင်မြင်ခြင်းဟာ အလကားရတာမျိုး မဟုတ်ဘူး။ ကိုယ့်ဝိရိယ၊ ကိုယ့်ဉာဏ်စွမ်းတို့ စိုက်ထုတ်ပြီး လုပ်ရတယ်။ ဦးတည်ချက်ဆိုတာ ကိုယ်ရည်မှန်းတဲ့ အခြေအနေကို ရောက်အောင် ဖောက်လုပ်တဲ့လမ်းစဉ်လို့ ခေါ်ရမလားမသိဘူး။ အဲဒီလို ကိုယ့်လမ်းကိုယ်ဖောက်တာမှ လိုရာစခန်းကို ရောက်တော့မှာပေါ့။ ရည်ရွယ်ချက်ရှိရမယ်။ အဲဒီရည်ရွယ်ချက်အတိုင်း ဖြစ်မြောက်အောင် ကြိုးပမ်းရမယ်။ ရည်ရွယ်ချက်နဲ့ လမ်းစဉ်တို့ဟာ ဦးတည်ချက်စခန်းကို ဆိုက်ဆိုက်မြိုက်မြိုက်ရောက်အောင် လျှောက်လှမ်းနိုင်မှ လူ့ဘဝ လူဖြစ်ရကျိုးနပ်ပေလိမ့်မယ်။

ရည်ရွယ်ချက်။ ဥပမာ I want to become a doctor ဆိုပါတော့။ ဆရာဝန်ဖြစ်ဖို့ ငယ်ရွယ်စဉ်ကတည်းက 'ပါရမီ'ဖြည့်ရမယ်။ ရိုးရိုးအခေါ်ကတော့ ရည်မှန်းချက် ပြည့်စုံအောင် ကြိုးစားရမယ်လို့ ဆိုတာပဲ။ ဆိုခဲ့တဲ့အတိုင်း 'ဖြစ်ချင်တယ်'ဆိုတဲ့ သာမန်ဆန္ဒရှိရုံနဲ့ မပြီးသေးဘူး။ ဖြစ်ချင်တာကို ဖြစ်အောင် ကြိုးစားဆောင်ရွက်ရမယ်။ အဲဒီလို ကြိုးစားရာမှာ လမ်းမှန်လျှောက်ဖို့ အရေးကြီးတယ်။ အရမ်းကြိုးစားပေမဲ့ လမ်းမှန် မလျှောက်ရင် စခန်းမရောက်ဘူး။

ဘဝဦးတည်ချက်ကို သေသေချာချာ လေ့လာစုံစမ်းပြီး ကိုယ့်ရှေ့ကလူကို လှမ်းကြည့်ပါ။ သူ့လုပ်ရပ်တွေကို စိစစ်ပါ။ သူ အောင်မြင်တယ်ဆိုတာ နည်းမှန်လမ်းမှန် အတိုင်းပဲလား။ ကလိမ်ကကျစ်လုပ်ပြီး လမ်းမမှန်ဘဲ ရောက်သွားတာလား။ **လမ်းမှန်မဟုတ်ရင် တကယ်အောင်မြင်တာ မဖြစ်နိုင်ဘူး။ ခဏပန်းရတဲ့ အောင်မြင်မှုဟာ မူမမှန်ဘူး။ အောင်မြင်မှုအစစ် မဟုတ်ဘူး။ အစစ်မဟုတ်တာဟာ အစစ်**

ပေါ်ရင် ပျောက်သွားတာပဲ။

"ဦးတည်ချက်"ဆိုတာ အတည်ပြုပြီးတဲ့ ရည်ရွယ်ချက်ပါပဲ။ သာမန်ဆန္ဒမျိုးက အစဖြစ်တယ်။ အဲဒီ ဆန္ဒကို ကျကျနန ပြည့်စုံအောင် ပြုစုပြီးမှ စေတနာမှန်မှန်နဲ့ အားကြိုးမာန်တက် လုပ်ရလိမ့်မယ်။ လမ်း ဆိုတာ ဖြောင့်တန်းမယ်လို့ အာမခံချက်မရှိဘူး။ အကွေ့အကောက်တွေ ရှိတယ်။ ခလုတ်တံသင်းတွေ ကြုံရမယ်။ အနှောင့်အယှက်တွေ၊ အခက် အခဲတွေ ရှိမှာပဲ။ အဲဒီ ကြုံတွေ့ရတာတွေကို ဦးတည်ချက်ရှိသူဟာ တွန်းလှန် ကျော်လွှားနိုင်ရလိမ့်မယ်။ ဦးတည်ချက် ခိုင်ခိုင်မာမာ ရှိတဲ့ လူဟာ အခက်အခဲ အနှောင့်အယှက်တွေကို ခုခံတိုက်ဖျက်နိုင် တဲ့ သတ္တိရှိရမယ်။ စိတ်ဓာတ်ခိုင်မြဲရမယ်။ အဲဒီလို ကြိုးပမ်းမှုဟာ အများပြောလေ့ရှိတဲ့ "ပါရမီဖြည့်မှု"ပဲပေါ့။

အဲဒီတော့ လူငယ်လူရွယ်တွေမှာ ဘဝဦးတည်ချက်ကို တည် ဆောက်ရမယ်။ ဦးတည်ချက် ပြည့်မြောက်တဲ့ "အောင်မြင်ခြင်း"စခန်းကို ဆိုက်တဲ့အထိ ကြိုးပမ်းရမယ်။ မှန်ကန်သင့်လျော်တဲ့ ဦးတည်ချက်ထား ရှိပြီး ကိုယ့်ရဲ့လက်နက်ဆိုတဲ့ (ကိုယ့်လက်မှာရှိတဲ့ ကိုယ်ပိုင်တဲ့) ဝိရိယ ကို အစွမ်းကုန် အသုံးပြုရမယ်။ လူ့လောကမှာ အချောင်ရတဲ့ အောင်မြင် မှုဆိုတာ ကြာရှည်မခံဘူး။ ကိုယ့်ကို ထူးချွန်သူတစ်ယောက်အဖြစ်ကို မပေးဘူး။ "ကြက်ကန်း ဆန်အိုးတိုး"ဆိုသလို ဖြစ်နေမှာပဲ။

ကဲ ... ဒီတော့ နောင်လာနောင်သား လူငယ်လူရွယ်များ ကို တိုက်တွန်းပါရစေ။ ဘဝဦးတည်ချက်ကို အခုကတည်းက စပြီး တည်ဆောက်ပါ။ "ဦးတည်ချက်"ဆိုတာ ထည်ထည်ဝါဝါ စကားလုံးလို့ မထင်လိုက်ပါနဲ့။ လူတိုင်းရှိရမယ့် အရာပါ။ လူတိုင်း လုပ်နိုင်ပါတယ်။

ကျေးဇူးနဲ့ သစ္စာ

ကျေးဇူးနှင့် သစ္စာ။ ဒီစကားနှစ်လုံးကို တွဲသုံးလေ့ရှိကြတယ်။ တကယ်တော့ ခွဲခြားလက်ခံသင့်တယ်လို့ ယူဆပါတယ်။ ကျေးဇူးဆိုတာ အထောက်အပံ့ပြုခြင်းလို့ ဆိုရလိမ့်မယ်။ လူတွေဟာ တစ်ဦးနဲ့တစ်ဦး ကူညီရမယ်။ ကောင်းကျိုးဖြစ်ဖို့ တတ်အားသမျှ ထောက်ပံ့ရမယ်။ အဲဒါ လူ့ဝတ္တရားပဲ။ ကိုယ်က ကူညီထောက်ပံ့နိုင်ပါလျက်နဲ့ မျက်နှာလွှဲသွားတာမျိုးဟာ တစ်ကိုယ်ကောင်းသဘော ဖြစ်တယ်။ သူတစ်ပါး ကောင်းကျိုးကို အာရုံပြုပြီး တတ်နိုင်သမျှ ကူညီထောက်ပံ့မှုဟာ လူ့ဝတ္တရား ဆောင်ရွက်မှုပဲ။ အခက်အခဲကြုံတယ်။ ဒုက္ခရောက်နေတယ်၊ ဘေးအန္တရာယ်မှ ကယ်ဆယ်တယ်၊ မိမိကောင်းစားစေဖို့ လိုအပ်သမျှ အကူအညီ အထောက်အပံ့ပေးတယ်။ မိမိကို အတတ်ပညာ သင်ပေးတယ်။ အဲဒါတွေဟာ ကျေးဇူးပြုခြင်းတွေပါပဲ။

ကျေးဇူးဆိုတာ ပြုသူက စေတနာကောင်းရမ်ယ်။ သန့်ရှင်းရမယ်။ ကိုယ်က အသုံးပြုချင်လို့ သူတစ်ပါးကို ကြည့်ရှုထောက်ပံ့တာဟာ မသန့်ဘူး။ ကျေးဇူးပြန်ဆပ်ရအောင်လို့ ကျေးဇူးအတိုး

ချပေးတာပဲ။

တစ်ဖက်ကလည်း ကျေးဇူးသိတတ်ဖို့ လိုတယ်။ တစ်ယောက်ကျေးဇူးကို တစ်ယောက်ကသိပြီး ပြန်လည်ပြုစုတာဟာ ကျေးဇူးဆပ်တာကို ဖြည့်ဆည်းပေးတာ ကျေးဇူးပြုတာပဲ။ အဲဒီ ကျေးဇူးကို ကျေးဇူးခံစားရတဲ့သူက ကျေးဇူးကြေးတင်နေလို့ ပြန်ပြီး တစ်နည်းနည်းနဲ့ ကျေးဇူးပြုတာဟာ ကျေးဇူးဆပ်တာပဲပေါ့။ ကျေးဇူးရှိတာကို မသိမမြင်တဲ့အနေနဲ့ မျက်နှာလွှဲသွားတာဖြစ်စေ၊ တချို့ကတော့ ကျေးဇူးရှင်ကို မကောင်းကြံတာတွေလည်း ရှိတယ်။ အဲဒါကတော့ ကျေးဇူးကန်းတာပဲ။ အလွန်ယုတ်မာတဲ့ အလုပ်ဖြစ်တယ်။ ကျေးဇူးမသိတတ်တာဟာ အပြစ်ပဲ။ ဒါပေမဲ့ ကျေးဇူးကန်းတာကတော့ အယုတ်ဆုံး အလုပ်ပဲ။

မင်းတို့ လူငယ်တွေဟာ ကျေးဇူးသိတတ်ဖို့ လိုတယ်။ ကိုယ့်ကို ကူညီစောင်မပေးတဲ့ ပုဂ္ဂိုလ်ကို အနည်းဆုံးတော့ လေးစားရိုသေရမယ်။ ကျေးဇူးဆပ်နိုင်တဲ့ အခြေအနေမှာ ရှိမနေသေးရင်တောင်မှ ကျေးဇူးတင်တဲ့ အကြောင်းကို ကျေးဇူးရှင်ကို အသိပေးရမယ်။ အခုလူတွေက "ကျေးဇူးတင်ပါတယ်"ဆိုတဲ့ စကားကို ယဉ်ကျေးမှုအနေနဲ့ နှုတ်က ဆိုကြတယ်။ နှုတ်နဲ့ ကျေးဇူးတင်ကြောင်း ပြောတာဟာ ယဉ်ကျေးမှုစကားပါပဲ။ စကားနဲ့အညီ အခါသင့် အခိုက်ကြုံတိုင်း ကျေးဇူးဆပ်တတ်မှ အားလုံးက ကျေနပ်လေးစားကြလိမ့်မယ်။ အဲဒီတော့ ဘယ်လိုပဲဖြစ်ဖြစ် ကိုယ့်ကို ကျေးဇူးပြုမယ့်သူ၊ အရင်က ကျေးဇူးပြုခဲ့ဖူးတဲ့သူကို ကျေးဇူးတင်တဲ့ အကြောင်း နှုတ်နဲ့ဆပ်ဖို့တော့ လိုအပ်တယ်။ ကျေးဇူးမသိတတ်ရင်တော့ လူတွေက အပြစ်ဆိုလိမ့်မယ်။ ခွေးလိုတိရစ္ဆာန်ကတောင် ကျေးဇူးသိတတ်တယ်လို့ ပြောဆို ကဲ့ရဲ့ကြလိမ့်မယ်။ ကျေးဇူးမသိတတ်သူဟာ ခွေးထက် ယုတ်ညံ့တယ်လို့ ပြောမယ်ဆို ပြောနိုင်တယ်။

ကျေးဇူးနဲ့ သစ္စာကို တွဲဖက်လေ့ရှိပေမဲ့ တကယ်တော့ တစ်မျိုးစီ

ပါ။ သစ္စာဆိုတာ အမှန်တရားလို့ အဓိပ္ပာယ်ရတယ်။ သစ္စာဆိုတာ မှန်တဲ့အကြောင်းခြင်းရာ၊ မှန်တဲ့လုပ်ရပ်ဖြစ်တယ်။ ကျေးဇူးပြုပေးပြီး မသင့်လျော်တဲ့အလုပ်ကို ကျေးဇူးရှင်က လုပ်ခိုင်းတာဟာ ကျေးဇူးပြုတာလည်း မဟုတ်ဘူး။ အဲဒီလို ခိုင်းချင်လို့ ကျေးဇူးပြုတာဟာ ယုတ်မာတဲ့ သဘောထားနဲ့ ခိုင်းတာပဲ။

ပမာဆိုရင် လူဆိုးကြီးတစ်ယောက်ဟာ ဒုက္ခရောက်လာတဲ့ လူငယ်တစ်ယောက်ကို အပြစ်မပေးဘဲ ကျွေးမွေးထားတယ်။ ပြီးတော့ လုယက်တိုက်ခိုက်တတ်အောင် လေ့ကျင့်ပေးမယ်။ တိုက်ခိုက်ပုံတွေကို လေ့ကျင့်ပေးမယ်။ မူးယစ်ဆေးဝါး အသယ်အပို့ လုပ်တတ်တော့ လူဆိုးကြီးရဲ့ ရာဇဝတ်မှုလုပ်ငန်းမှာ အသုံးပြုတယ်။ အဲဒီလိုလုပ်တာကို သူငယ်က သိမြင်လာတော့ လူဆိုးဂိုဏ်းဆရာကြီးကို ပစ်ပြေးပြီး တရားဥပဒေဆောင်ထဲ ဝင်သွားတယ်။ အဲဒီလိုလုပ်တာ သူငယ်က သစ္စာဖောက်တယ်လို့ လူဆိုးတွေဘက်မှ စွပ်စွဲကြတယ်။

အဲဒါ သစ္စာဖောက်လား၊ မှန်ပါတယ်။ ကျေးဇူးပြုထားတာမှာ ကျေးဇူးဆပ်တဲ့အနေနဲ့ သူ့ကို ပြုစုခဲ့တဲ့ ဆရာကြီးဆီက အသာလေးရှောင်ထွက်သွားမယ်။ ပြီးတော့ သူ့အနေနဲ့ သစ္စာရှိရမှာက တိုင်းပြည်နဲ့ လူမျိုးအတွက် အဲဒီလူဆိုးဂိုဏ်းကို ဖမ်းနိုင်ဖို့ တရားဥပဒေဘက်ကို ကူညီတာဟာ လူဆိုးကြီးကို သစ္စာဖောက်တယ်လို့ ဆိုမလား။ လူဆိုးတွေဘက်ကတော့ သစ္စာဖောက်တယ်လို့ ဆိုမှာပေါ့။ သူငယ်က လူဆိုးဂိုဏ်းပေါ် သစ္စာစောင့်ရမှာလား၊ ပြည်သူတွေအပေါ် သစ္စာစောင့်ရမှာလား စဉ်းစားကြည့်ပေတော့။ ကျေးဇူးရှိတာတော့ ရှိတာပဲ။ ဒါပေမဲ့ ကျွေးမွေးထားတဲ့ကျေးဇူးက အသုံးချချင်လို့လုပ်တာမို့ ကျေးဇူးအစစ်မဟုတ်ဘူး။ စေတနာ မမှန်ဘူး။ တိုင်းပြည်နဲ့လူမျိုးအပေါ် သစ္စာစောင့်ရမှာက တိုင်းရင်းသားအားလုံးအဖို့ သစ္စာစောင့်ရမယ့်

တာဝန် မဟုတ်ပါလား။ အမှန်တရားဟာ ဘယ်ဘက်မှာ ရှိပါသလဲ။

မင်းတို့လူငယ်တွေ အတွေးမှန်အောင် ကြိုးစားလေ့ကျင့်ကြဖို့ လိုတယ်။

တရားမှု၊ မတရားမှု ခွဲခြားပြီး တရားမှုရှိတာမှ သစ္စာ။ အသုံးပြု ချင်လို့ ပေးကမ်းပြုစုတာ ကျေးဇူးအစစ် မဟုတ်ဘူး။ ကျေးဇူးနဲ့ သစ္စာကို ခွဲခြားတတ်နိုင်ကြပါစေ။

စာရေးဆရာ နာလေးနာ

အခု ဆရာကြီးက မင်းတို့လူငယ်တွေကို ဘဝမှာ တိုးတက်ရေးအတွက် တတ်နိုင်သလောက် အကြောင်းအကျိုးတွေ၊ အကြောင်းခြင်းရာတွေကို ရေးသားဖော်ပြ ဆိုဆုံးမနေတာကို စိတ်ပါဝင်စားစွာ ဖတ်ကြတယ်လို့ ကြားရလို့ ဝမ်းသာပါတယ်။

ဝမ်းသာတာကတော့ ဆရာကြီးရဲ့ စာကို ဖတ်လို့လည်း တစ်ကြောင်းပေါ့။ စာရေးဆရာဆိုတာ ကိုယ့်စာကို အရေးယူ ဂရုစိုက်ဖတ်တယ်ဆိုတာကို သိရရင် ရေးရကျိုးနပ်တယ်လို့ ယူဆပြီး ရေးရကျိုးနပ်လို့ ဝမ်းမြောက်တာပါပဲ။

စာရေးဆရာဟာ သူ့စိတ်စေတနာက တိုက်တွန်းလို့ သူ့စာကို ဖတ်တဲ့ စာဖတ်ပရိသတ်ကို ကိုယ်က မိတ်ရင်းဆွေရင်းလို သဘောထားပြီး ကိုယ်သိတာ၊ တတ်တာ၊ ထင်မြင်ယူဆတာတွေကို အပြောင်းအလှည့်တိုင်း ရေးတဲ့လူပါပဲ။ ကိုယ့်စာကို သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း(စာနယ်ဇင်းမှ)ထုတ်ဝေသူက ထည့်ပေးလို့ စာရေးခ(စာမူခ)ကို ပေးတာနဲ့ စားဝတ်နေရေးအတွက် သုံးရတာကို ကျေနပ် ကျေးဇူးတင်ရမယ်။

စာရေးဆရာမှာလည်း ကျောင်းဆရာလိုပဲ။ ကျောင်းဆရာက ကျောင်းသားတွေကို စာသင်ရာမှာ ဆိုလေ့ရှိတဲ့ စကား 'နာသုံးနာ' ရှိတယ်။ ဝါသနာ၊ စေတနာ၊ အနစ်နာ။ အဲဒီ 'နာသုံးနာ'ကို အရင်းခံပြီး သင်ကြားရတယ်။ စာရေးဆရာမှာလည်း 'နာသုံးနာ' ရှိတာပဲ။ ဘာတွေလဲဆိုတော့ 'ဝေဒနာ၊ ဝါသနာ၊ စေတနာ'လို့ ဆိုချင်ပါတယ်။ ကျောင်းဆရာလို အနစ်နာခံသင့်သမျှလည်း ခံရတယ်။ အဲဒီလိုဆိုတော့ ကျောင်းဆရာထက် နာတစ်နာ ပိုသွားရောပေါ့။ ဒါပေမဲ့ အနစ်နာခံရတာတော့ ထားပါတော့။ ထားပါဆိုလည်း ထားပေါ့။ ဒါပေမဲ့ အနစ်နာခံရတာတွေလည်း ရှိတော့ရှိတယ်။ နောက်မှ ပြောမယ်။

အခုအနေနဲ့တော့ ဝါသနာ၊ ဝေဒနာ၊ စေတနာတို့ကို ဦးစွာ ရှင်းပြပါမယ်။ ဝါသနာအရင်းမခံရင် စာရေးဆရာမဖြစ်နိုင်ဘူး။ ဝါသနာကြီးလွန်းလို့ စာရေးတတ်အောင် အတော်ကြီးကို ကြိုးစားရတယ်။ စာရေးဖို့ 'စာရေးစရာ'ရှာတတ်ဖို့ လေ့ကျင့်ရတယ်။ စာရေးပြီး ပြုပြင်နိုင်သလောက် ပြုပြင်ချင်တဲ့ စေတနာ၊ စာရေးပြီး မသိသေးတာတွေကို သိစေဖို့ စေတနာ၊ သိပြီးဖြစ်ပေမဲ့ အမှတ်မဲ့နေမှာစိုးလို့ အကောင်းအဆိုး၊ အကြောင်းအကျိုးကို ဖော်ထုတ်ပြဖို့ ဗဟုသုတရှာမှီး ဆည်းပူးရတဲ့ အကြောင်းအရာတွေ၊ အတွေ့အကြုံတွေ၊ အထင်အမြင်တွေကို စာဖတ်ရှုသူတို့မှာ အကျိုးတစ်ခုခုရပါစေဆိုတဲ့ စေတနာ၊ အဲဒီစေတနာတွေနဲ့ ပြည့်စုံမှသာ စာရေးဆရာ ဖြစ်လာနိုင်တယ်။

ဝါသနာအရင်းခံ၊ စေတနာအပြည့်နဲ့ စာရေးတယ်ဆိုရာမှာ 'ဝေဒနာ'ဆိုတဲ့ ခံစားမှုလည်းရှိမှ ဖြစ်မယ်။ စာရေးဆရာမှာ စာဖတ်သူတွေကို အဲဒီခံစားချက် ဝေဒနာတွေကို ဝတ္ထု၊ ကဗျာ၊ ဆောင်းပါးဆိုတဲ့ စာပေပုံစံတစ်ခုခုနဲ့ ဖော်ပြရတယ်။ လူ့လောကကြီးမှာ လူသားတို့ဟာ ဘဝအခြေအနေတွေ အမျိုးမျိုးရှိတယ်။ ချမ်းသာသူတွေ၊ ဆင်းရဲသူတွေ၊